ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၁၂၇)

နေ့စွဲ – ၃၀.၉. ၂၀၁၂

**<u>သမိုင်းကဏ္ဍ</u>**

## ဩဂတ်စတင် – အစိုးရတော်မူသောကျေးဇူးတော် သီအိုလော်ဂျီယန်

(Augustine - Theologian of Sovereign Grace)

**နိဒါန်း**

သခင်ခရစ်တော်၏ အသင်းတော်သမိုင်းတွင် ဘုရားသခင်က လူတဦးအား အလွန်အရေးကြီးသော အလုပ်ဖြစ်သည့် ယုံကြည်ခြင်းအား ခုခံကာကွယ်ခြင်း၊ တိုးတက်ဖွံ့ဖြိုးအောင်ပြုလုပ်ခြင်း စသည်တို့ကိုလုပ်ကိုင်ဖို့ရန်၊ ထိုလူ့ဘဝအား အထူးနည်းလမ်းဖြင့် ခွဲခန့်မှတ်သားကာ၊ နှိုးစိုးအရွယ်ကပင် ထိုတာဝန်ကြီးအတွက် ကြိုတင်ပြင်ဆင်သော အချိန်များ ရှိတတ်ပါသည်။ ထိုသို့သောလူမျိုးသည် မာတင်လူသာဖြစ်ပါသည်၊ မိမိကယ်တင်ခြင်း သေချာဖို့အတွက် အတွင်းစိတ်ထဲတွင် အပြင်းအထန် ရုန်းကန်ခဲ့ရသူဖြစ်သည်၊ ဘုရားသခင်က ထိုရုန်းကန်ခြင်းကို သုံးလျှက်၊ သူ့အား ဖြောင့်မတ်ခြင်းသည် ယုံကြည်ခြင်းတခုတည်းဖြင့်သာ ရရှိနိုင်ပါသည်ဆိုသော ကြီး မြတ်လှသောအမှန်တရားအား ရှာတွေ့ရန် ဦးဆောင်ခဲ့ပါသည်။ ထိုသို့သောအဖြစ်သည် ဩဂတ်စတင်ဘဝတွင်လည်း မှန်နေပါသည်။ လမ်းမှားလိုက်နေသော၊ အပြစ်ဒုစရိုက်ပြုခြင်းတို့နှင့်ပြည့်နေသော သူ၏လူငယ်ဘဝကို အသုံးပြုလျှက်၊ ဘုရားသခင်သည် အစိုးရတော်မူသော၊ သီးသန့်ကျသော ကျေးဇူးတော်ဆိုသည့်အမှန်တရားကို တိုးတက်ဖွင့်ဖြိုးစေရန် သူ့အသက်တာအား ပြင်ဆင်ခဲ့ပါသည်။ ထိုအကြောင်းကို ရီဖေါ့မ်သီအိုလော်ဂျီယန် "ဟာရ်မန် ဟုခ်စီမာ"က ဤသို့ရေးခဲ့ပါသည်။ "ဘုရားသခင်သည် ဩဂတ်စတင်ကို ထိုတိုက်ပွဲ(ပလဲဂျီးယန်းဝါဒအားဆန့်ကျင်ခြင်း)အတွက် ဝိညာဉ်ရေးအရလည်း ပြင်ဆင်ခဲ့ပါသည်။ သူသည် အပြစ်၏စွမ်းအင်များမှနေ၍ ခရစ်တော်ယေရှု၏ကယ်တင်ခြင်းသို့ အတင်းအကျပ် ဆွဲထုတ်ခြင်းခံရသူဖြစ်သည်။ သူသည် 'သို့ဖြစ်၍ လိုချင်ဆန္ဒရှိသူအပေါ်မတည်၊ ပြေးသောသူအပေါ်လည်း မတည်ပါ၊ သို့သော် ဘုရားသခင်ကသာ ဂရုဏာကို ပြတော်မူပါသည်' ဆိုသည်ကို မြည်းစမ်းခဲ့ရသူဖြစ်ပါသည်။ အကျိုးသက်ရောက်မှုရှိသော ကျေးဇူးတော် တခုတည်းကသာလျှင် အပြစ်သားကို အမိုက်မှောင်မှနေ၍၊ အလင်းသို့ လာနိုင်ရအောင် ဆွဲဆောင်ရန် လုံလောက်နေပါသည် ဆိုသောအမှန်တရားသည် သူ့အတွက် လက်တွေ့ကြုံတွေ့ခဲ့ရသော ဘဝအတွေ့အကြုံ ဖြစ်ပါသည်၊ ထို့ကြောင့် ပလဲဂျီယပ်စ်၏ လွတ်လပ်သော–အလိုဆန္ဒ ကိုယ်ကျင့်တရားဝါဒသည် ထိုအတွေ့အကြုံကြောင့် သူ့အတွက် စက်ဆုပ်ရွံရှာဖွယ် ဖြစ်နေခဲ့ပါသည်။ ထို့ကြောင့် အဆင့်မြင့်မြင့် ခံညားစွာ နေထိုင်တတ်သော၊ တချိန်ထဲတွင် ရေပေါ်ဆီ ပေါ့ပြက်ပြက်ဖြစ်သော ပလဲဂျီးယပ်စ်နှင့် သူ့အပေါင်းအပါတို့က ကျမ်းစာနှင့် အတိအလင်းဆန့်ကျင်သည့်၊ ထို့အတူ ဩဂတ်စတင်၏ ဘုရားသခင်၏ကျေးဇူးတော်အား တွေ့ကြုံခဲ့သည့် ဘဝအတွေ့အကြုံနှင့်လည်း ဆန့်ကျင်နေသည့်ဩဝါဒကို ဖြန့်ချီနေကြသည့်အခါ၊ သူသည် ထိုတိုက်ပွဲထဲသို့ နှလုံးသားရှိသမျှနှင့် ဝင်ရောက်တိုက်ခိုက်ခြင်းကို ကျွန်တော်တို့ နားလည်နိုင်ကြပါသည်။"

**သူ၏အပြစ်နှင့်ပြည့်နေသောဘဝ**

ဩဂတ်စတင်ကို နိုဝင်ဘာလ (၁၃) ရက်၊ အေဒီ ၃၅၄ တွင်၊ မြောက်အာဖရိကရှိ တာဂါစ်မြို့တွင် ဖွားမြင်ခဲ့ပါသည်၊ ၄င်းနေရာကို ယနေ့ခေတ်တွင် အယ်ဂျီးရီးယားနိုင်ငံဟု ခေါ်ပါသည်။ သူ၏မိဘများ ရည်စားမည်သို့ဖြစ်ခဲ့ကြလျှက်၊ မည်သို့အိမ်ထောင်ကျခဲ့ကြပါသနည်းဆိုသည်ကို လူတိုင်းအံ့သြရပါမည်။ အဘယ့်ကြောင့်ဆိုသော် သူ့ဖခင် ပက်ထရီစီးယပ်စ်သည် မယုံကြည်သူဖြစ်သည်၊ သူ့သားကို ကြီးလာလျှင် နာမည်ကျော်ကြားသူ၊ ချမ်းသာသူဖြစ်ဖို့ကိုသာ စိတ်ဝင်စားသူဖြစ်သည်။ သူ့မိခင် မော်နီကာ သည် သူမတူအောင် ဘုရားတရားရှိသေကိုင်းရှိုင်းသူ၊ ဘုရားသခင်အားကြောက်ရွံ့ရှိသေသူဖြစ်ပါသည်၊ သူ့ဘဝ၏အကြီးဆုံး ဝမ်းနည်းမှုသည် လမ်းမှားရောက်နေသော သူ့သားအတွက်ဖြစ်ပါသည်။ သူ့အတွက် မိခင်သည် ကြာရှည်လွန်းစွာ၊ ခါးသီးစွာ ဆုတောင်းငိုကြွေးနေခဲ့သဖြင့် ဩဂတ်စတင်ကို "မျက်ရည်များ၏သား"ဟု ခေါ်ကြသည်အထိဖြစ်ပါသည်။

သူသည် ငယ်စဉ်ကပင် သင်းအုပ်ဆရာသင်ပေးသော ကျမ်းစာအမေးအဖြေ(catechism)သင်ခန်းစာများကို တက်ခဲ့ပါသော်လည်း၊ စောစီးစွာပင် အရည်မရအဖတ်မရ လေလွင့်ပျက်ဆီးခြင်း၊ အပျော်အပါးလိုက်စားခြင်း၊ ကိုယ်ကျင့်တရားပျက်ပြားခြင်းတို့သို့ ရောက်ခဲ့ပါသည်။ သူ အသက်(၁၇)အရွယ်လောက်မှာပင်၊ သူသည် အတူနေမိန်းမတဦးကို ကောက်ယူခဲ့ပါသည်။ ထိုနှစ်တွင် သူ့ ဖခင်လည်း သေဆုံးသည်။ နောက်တနှစ်ရောက်သော် သားတဦးဖခင် ဖြစ်လာခဲ့သည်။ သူ့သားကို အေဒီယိုဒေးတပ်စ် ဟုအမည် ပေးပါသည်။

ထိုအချိန်များတွင် ဩဂတ်စတင်သည် ပညာရေးများကို သင်ယူနေခဲ့ပါသည်။ သူသည် အလွန်ထူးချွန်သောကျောင်းသားဖြစ်သည်။ သို့သော် သူ၏ထူးချွန်လွန်းလှခြင်းက သူ့ကို ကျဆုံးစေခဲ့ခြင်းဖြစ်ပါသည်။ သူသည် ပိတုန်းတကောင်က ဝတ်ရည်ကို ရှာနေသလို၊ မှားယွင်းသောသွန်သင်မှုများ တခုမှနောက်တခုသို့ လွင့်မျောနေခဲ့ပါသည်။ ပထမ သူသည် မနီးချီးယမ်းအမှားထဲသို့ ဝင်ရောက်သည်၊ ထိုအဖွဲ့က စကြဝဠာကြီးထဲတွင် ထာဝရတန်ခိုးစွမ်းအားနှစ်ခု ရှိနေသည်ဟု သွန်သင်သည်၊ အလင်းဆိုသော ကောင်း

သောဘုရား၊ အမှောင်ဆိုသော ဆိုးညစ်ခြင်းဘုရား ဖြစ်ကြသည်။ ထိုဥပဒေသနှစ်ရပ်သည် ထာဝရဆန့်ကျင်တိုက်လှန်နေကြသည်၊ ဘယ်တော့မှ အဆုံးသတ်အနိုင်ရမှု မရှိ။

ထို့နောက် နက္ခတ္တဗေဒသို့ရောက်ပြန်သည်၊ ၄င်း၏ အစိပ္ပါယ်မဲ့မှုနှင့် အယူသည်းမှုတို့ကြားသို့ဖြစ်သည်။ ထိုနက္ခတ္တဗေဒမှ သံသယဝါဒအတွေးအခေါ်သို့ ရောက်ပြန်ပါသည်။ ထိုအတွေးအခေါ်သည် ဘာမှမဟုတ်ပါ၊ ဘာကိုမှမယုံကြည် စိတ်မဝင်စားဘဲ ပခုံးတွန့်ပြသော ပညာရေးတမျိုးသာဖြစ်ပါသည်။ ၄င်းက မည်သည်အမှန်၊ မည်သည်အမှား စသည်တို့ကို မသိနိုင်ပါဟု သင်ပေးပါသည်။

ထို ကိုယ်ကျင့်တရားပျက်ပြားနေသော၊ လမ်းမှားရောက်နေသော ကာလတွင် ဩဂတ်စတင်သည် မိမိ၏အသက်မွေးမှုလုပ်ငန်းကို စတင်တည်ဆောက်မိပါသည်။ အေဒီ ၃၇၆ တွင် သူ့ဇာတိမြို့၌ သဒ္ဒါဘာသာရပ်ကို သင်ကြားပါသည်။ မကြာမီ ကာသေ့ချ် မြို့တော်သို့သွားရောက်ကာ၊ ဟောပြောခြင်းပညာရပ်ကို ပို့ချပြန်ပါသည်။ အေဒီ ၃၈၂ (အသက် ၂၈ နှစ်)ရောက်သော် အီတလီသို့ သွားရန် သူ ဆုံးဖြတ်သည်။ သို့သော် သူ့မိခင်ကို မလိုက်စေချင်။ ဘယ်သွားမည်ဆိုသည်ကို မပြောဘဲ၊ သူ့အတူနေမိန်းမနှင့် သားကို ခေါ်ကာ ထွက်သွားပါသည်။ ရောမတွင် ခဏတဖြုတ် ဟောပြောခြင်းပညာကို သင်ပေးသည်။ ထိုနေရာမှ မီလန်မြို့သို့ ဆက်သွားပြန်သည်။ ဘုရားသခင်၏စီမံမှုဖြင့်၊ သူသည် အင်မတန်စွမ်းအားကြီးသော၊ လွှမ်းမိုးနိုင်သော သင်းအုပ်ဆရာ အဲမ်ဘရော့စ် ၏တရားဟောခြင်းအောက်သို့ ရောက်သွားခဲ့သည်။ အဲမ်ဘရော့စ် သည် ဘုရားတရားကြောက်ရွံ့ရှိသေသော၊ သတ္တိအလွန်ရှိသော မီလန် မြို့အသင်းတော်၏ သင်းအုပ်ဖြစ်သည်။

သူ၏ပြောင်းလဲခြင်း

ဩဂတ်စတင် အဲမ်ဘရော့စ်၏ တရားဟောခြင်းကို သွားရောက်ကြားနာသော်လည်း၊ အဲမ်ဘရော့စ် ကျွမ်းကျင်ပိုင်နိုင်မှုကို လေ့လာဖို့သာ သွားရောက်ခြင်းဖြစ်သော်လည်း၊ မကြာပါ ဧဝံဂေလိတရား၏တန်ခိုးအောက်သို့ ရောက်လာပါတော့သည်။ တဖြည်းဖြည်း သူ၏အမှားများ ကွာကျသွားကြသည်၊ ထိုသို့ဖြစ်ခြင်းကို သူ အပြင်းအထန် ခုခံပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူ့အသွေးအသားက ၄င်းတို့ကို ဆက်၍လိုချင်နေပါသေးသည်။ ထိုအချိန်သည် အပြင်းအထန် ရုန်းကန်ရချိန်ဖြစ်ခဲ့သည်။ "အသင်းတော်၏ ပြင်ပ၌ အမှန်တရားကို ရှာဖွေဖို့ ခေါင်းမာနေခြင်း၊ သူ၏ဩတ္တပ္ပစိတ် ထိုးနှက်မှုကြောင့် စိတ်အနှောက်အယှက်ဖြစ်နေခြင်း၊ အကျင့် ၏တုတ်နှောင်မှုခံရခြင်း၊ ကြောက်ရွံ့မှု၏ဆွဲချမှုကို ခံနေရခြင်း၊ ရမ္မက်များ၏ဖိနှိပ်ခံနေရခြင်း၊ ကောင်းမြတ်ခြင်း၏လှုပမှု၏ ထိတွေ့မှု ကိုခံရခြင်း၊ အကျင့်ဆိုး၏မြူဆွယ်မှုများဖြင့် လိမ်ညာခံနေရခြင်း၊ နှစ်မျိုးစလုံး၏သားကောင်ဖြစ်နေခြင်း၊ သူ၏ မှားယွင်းသော သ ဘောကျမှုများကို ဘယ်တော့မှ မကျေနပ်နိုင်ခြင်း၊ သူပါဝင်သော ဘာသာရေဂိုဏ်း၏အမှားအယွင်းများကို ဆန့်ကျင်လျက် အချိန် ပြည့် ရုန်းကန်နေခြင်း၊ သဘော်ပျက်ခြင်းကို ရှောင်နိုင်ဖို့ မှားယွင်းသောကျောက်ဆောင် တခုနောက်တခုသို့ ပြေးလွှားနေမိခြင်း၊ သူ သည် မိမိကိုလိုက်နေသော အလင်းမှနေ၍ ထွက်ပြေးနေမိခြင်း၊ ထိုအကြောင်းအရာတို့သည် သူကိုယ်တိုင်က သူ၏ထိုစဉ်ကအဖြစ် ကို "ဝန်ခံခြင်း"ဆိုသောစာအုပ်တွင် ရေးပြထားသောအချက်များဖြစ်ပါသည်။"

ထိုပြင်းထန်သောရုန်းကန်ခြင်းများက နောက်ဆုံးတွင် ဩဂတ်စတင်အား နားလည်လာစေပါသည်၊ အပြစ်မှကယ်လွှတ်ပေးသော ဘုရားသခင်၏ကျေးဇူးတော်သည် အစိုးရတော်မူသည်၊ ခုခံတားဆီး၍မရ၊ ကျွန်တော်တို့၏ခုခံတားဆီးခြင်းအားလုံးကို ကျော်လွှားကာ ဆုံးရှုံးစေသည်၊ လုပ်စရာရှိသည်ကို ပြီးမြောက်စေနိုင်သည်၊ ၄င်းကို လုပ်ပေးသူသည် ဘုရားသခင်ကိုယ်တိုင်ဖြစ်သည်၊ စသောအချက်များကို နက်နဲစွာသတိပြုမိလာစေပါသည်။

ဩဂတ်စတင်ကိုယ်တိုင်က သူ၏နောက်ဆုံးပြောင်းလဲခြင်းအကြောင်းကို "ဝန်ခံခြင်း"ဆိုသောစာအုပ်တွင် အကောင်းဆုံး ရေးပြခဲ့ပါသည်။ ထိုအကြောင်းကို ကျွန်တော်တို့ရေးသည်ထက် သူပြောပြသည်ကို နားထောင်ခြင်းက အကောင်းဆုံးဖြစ်ပါသည်။ တနေ့သော်၊ ထိုရုန်းကန်ခြင်းများ၏နှိပ်စက်မှုကြောင့်၊ သူသည် အေးချမ်းမှုကို ရှာတွေ့ရန်၊ ဥယာဉ်တခုသို့ ထွက်ပြေးခဲ့ပါသည်။ ဥ ယာဉ်ထဲတွင် သူသည် အသံတသံကို ကြားပါသည်၊ ထိုအသံက "ကောက်ယူကာ ဖတ်လိုက်ပါ၊ ကောက်ယူကာ ဖတ်လိုက်ပါ"ဟု ပြောနေပါသည်။ ဩဂတ်စတင်က ကျွန်တော်တို့ကို ပြောပြပါသည်၊ သူသည် တမန်တော်ကြီး၏ကျမ်းများကို ကောက်ကိုင်လိုက်ကာ၊ "သူဖွင့်၍ဖတ်လိုက်သည့်အခါ၊ သူ့မျက်စိရောက်သွားသည့်ကျမ်းပိုဒ်မှာ 'နေ့တွင်နေသကဲ့သို့ ရိုးသားစွာအသက်ရှင်ကြမည်၊ သောက် စားမူးရူးခြင်းနှင့် ဆူပူသောင်းကျန်းခြင်းတို့၌ အသက်မရှင်၊ မတရားသောမေထုန်မှီဝဲခြင်းများနှင့် လျှပ်ပေါ်လော်လည်သော နေထိုင် ခြင်းများထဲ၌ အသက်မရှင်၊ ရန်တွေ့ခြင်းနှင့်မနာလိုခြင်းတို့၌လည်း အသက်မရှင်၊ ထို့မှဆန့်ကျင်ကာ သခင်ယေရှုခရစ်တော်ကို ဝတ် ဆင်ကာ၊ အသွေးအသား၏ တပ်မက်ခြင်းများကို ပြည့်စေဖို့ မထောက်ပံ့ဘဲ နေကြပါမည်။' ကျွန်တော် ဆက်မဖတ်ချင်တော့ပါ၊ ဆက်ဖတ်စရာလည်း မလိုတော့ပါ၊ ထိုကျမ်းပိုဒ်၏အဆုံးသတ်ရောက်သည်နှင့် ချက်ချင်းပင် ယုံကြည်ခြင်း၏အလင်းတရားသည် ကျွန်တော့်နှလုံးသားသို့ ပြည့်လျှံသွားသလို ခံစားရကာ၊ သံသယအမှောင်ထုသည် လုံးဝကွယ်လွင့်သွားပါတော့သည်။"

နောက်ပိုင်းတွင် ထိုအကြောင်းအရာကို ရှင်းပြသည့်အနေနှင့် အောက်ပါအတိုင်း စိတ်ထိခိုက်စဖွယ် "ဝန်ခံခြင်း"စာအုပ်တွင် ရေးပြပါသည်။

"ကိုယ်တော့်ကို ကျွန်ုပ် နောက်ကျမှ ချစ်ရပါသည်၊ လှပသူ၊ အလွန်အိုလျက်၊ အလွန်သစ်လွင်နေသူ၊ ကျွန်ုပ်သည် ကိုယ်တော့်ကို နောက်ကျမှ ချစ်ရပါသည်။ ကြည့်ပါ၊ ကိုယ်တော်သည် အတွင်းထဲတွင် ရှိသည်၊ ကျွန်ုပ်မှာ အပြင်ဖက်တွင်ဖြစ်သည်၊ ထိုအပြင်ဖက် တွင် ကိုယ်တော့်ကို ရှာနေခဲ့ပါသည်။ ထို့နောက် လှပသော ကိုယ်တော့်ဖန်ဆင်းခြင်းထဲတွင် ကျွန်ုပ်၏ရုပ်ဆိုးခြင်းဖြင့် မိမိကိုယ်ကို

နှစ်မြှုပ်ခဲ့ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်နှင့်ရှိနေခဲ့သော်လည်း၊ ကျွန်ုပ်သည် ကိုယ်တော်နှင့် မရှိခဲ့ပါ။ ကိုယ်တော့်ထံမှ ကျွန်ုပ်ကို အဝေးသို့ရောက်စေသော ထိုအရာများသည်၊ ကိုယ်တော့်ထံ၌သာမဟုတ်လျှင် ရှိကြမည်မဟုတ်ပါ။ ကိုယ်တော်သည် ခေါ်တော်မူပါသည်၊ ကျယ်လောင်စွာခေါ်တော်မူပါသည်၊ ကျွန်ုပ်၏နားပင်းနေခြင်းကို ချိုးဖြတ်တော်မူပါသည်။ ကိုယ်တော်က ခပ်မှိန်မှိန်လင်းစေပါသည်၊ ကိုယ်တော်သည် တောက်ပနေပါသည်၊ ထို့နောက် ကျွန်ုပ်၏ကန်းနေခြင်းကို အဝေးသို့နှင်ထုတ်ပေးတော်မူသည်။ ကိုယ်တော်သည် ထွက်သက်ကို မှုတ်ထုတ်ပေးတော်မူသောအခါ၊ ကျွန်ုပ်က ရှုသွင်းပါသည်၊ ကိုယ်တော့်အထဲ၌ အသက်ရှုနေပါသည်။ ကျွန်ုပ်သည် ကိုယ်တော့်ကို မြည်းစမ်းခဲ့ပါသည်၊ ထို့နောက် ကျွန်ုပ်သည် ဆာလောင်ကာ၊ ရေငတ်နေပါသည်။ ကိုယ်တော် ကျွန်ုပ်ကို ထိတော်မူသော်၊ ကျွန်ုပ်သည် ကိုယ်တော့်ငြိမ်းချမ်းခြင်းအတွက် တောက်လောင်နေပါသည်။ ကျွန်ုပ်အတွင်းထဲ၌ ရှိသောအရာအားလုံးနှင့် ကိုယ်တော့်ထံတွင် နေခဲ့ရပါလျှင်၊ ကျွန်ုပ်၏ နာကျင်ခြင်းများနှင့် ပြဿနာအခက်အခဲများက ကျွန်ုပ်ကို စွန့်ပစ်ကြမည်သာဖြစ်ပါသည်၊ ကိုယ်တော်အားဖြင့် လုံးဝပြည့်နေမည်ဖြစ်သဖြင့်၊ အားလုံးသည် ကျွန်ုပ်အတွက် အသက်ရှင်ခြင်းများသာ ဖြစ်ပါလိမ့်မည်။"

ထို့နောက် တနှစ်ခန့်ပြင်ဆင်ကြပြီးသောအခါ၊ ဩဂတ်စတင်နှင့် သူ၏သား အေဒီယိုဒေးတပ်စ် တို့သည် အဲမ်ဘရော့စ်အားဖြင့် ဗတ္တိဇံခံယူကြလေသည်။ မကြာမီ မီလန်မှ ဇာတိမြေ အာဖရိကသို့ပြန်ဖို့ ထွက်ခွာပါသည်။ အီတလီသို့လိုက်သွားသော သူ့မိခင်လည်း သူနှင့်အတူ အာဖရိကသို့ ပြန်ရန်ပြင်ပါသည်၊ သို့သော် ပြန်မရောက်တော့ပါ၊ ရောမနိုင်ငံ တိုင်ဗာမြစ်ကမ်း၊ သင်္ဘောဆိပ်တွင် သူ့သား၏ လက်မောင်းများထဲ သေဆုံးခဲ့ပါသည်။ သူမ မသေဆုံးခင် သူမဆုတောင်းသည်ကို ဘုရားသခင်က အဖြေပေးသည်ဟု နှလုံးသား၌ ပျော်ရွှင်စွာခံစားလျက်၊ သားနှင့်အတူ ကောင်းကင်ဘုံ၏ ဘုန်းကျက်သရေများအကြောင်းကို နက်နဲစွာ၊ စိတ်လှုပ်ရှားဖွယ် ပြောဆိုဆွေးနွေးကြလျက် သေဆုံးခဲ့ခြင်းဖြစ်ပါသည်။

**အသင်းတော်ထဲအမှုတော်ဆောင်ခြင်း**

ဩဂတ်စတင် ထိုသို့နှင့် အာဖရိက ပြန်ရောက်ပါသည်၊ ရောမကို နောက်တကြိမ် ပြန်လည်ပတ်ခဲ့ပါသေးသည်။ ထို့နောက် အာဖရိကသို့ ပြန်သည်။ ထို့နောက် ခရစ်တော်၏အမှုတော်အတွက် သူ့အလုပ်ကို စတင်ပါတော့သည်။ အေဒီ ၃၉၁ တွင် သူ၏ အလိုဆန္ဒမပါဘဲ၊ သင်းအုပ် ဗလဲရီးယပ်စ်က သူ့ကို မြောက်အာဖရိက၏မြို့ တမြို့ဖြစ်သော ဟစ်ပိုရီးဂီးယပ်စ်မြို့၏ အသင်းလူကြီးအဖြစ် လက်တင်မင်္ဂလာပေး ခန့်အပ်ပါသည်။ အေဒီ ၃၉၅ တွင် သူ့ကို လက်ထောက်သင်းအုပ်အဖြစ် ခန့်အပ်သည်။ အေဒီ ၃၉၆၊ သင်းအုပ် ဗလဲရီးယပ်စ် ကွယ်လွန်သော်၊ သူ့ကို ဆက်ခံသူသင်းအုပ်အဖြစ် ခန့်အပ်ကြသည်။ ဩဂတ်စတင်သည် သူ့ဘဝနောက်ပိုင်းချိန် တခုလုံးကို ကြီးမားများပြားလှသောအသင်းသူ/သားများရှိသည့် ဟစ်ပိုမြို့အသင်းတော် သင်းအုပ်အဖြစ် အမှုတော်ဆောင်ပါသည်။ သူသည် စာအလွန်ရေးသူအဖြစ်၊ ယုံကြည်ခြင်းကို ခုခံကာကွယ်သူအဖြစ်၊ အမှန်တရားအတွက်အမှုတော်ဆောင်ရာတွင် ဘုရားသခင်၏ သစ္စာရှိလှသောအစေခံအဖြစ် အမှုတော်ထမ်းဆောင်ခဲ့ပါသည်။

သူပြောင်းလဲပြီးနောက်၊ ဩဂတ်စတင်သည် မြောက်များလှသောစာအုပ်များကို ရေးသားခဲ့ပါသည်။ အများစုသည် အမြဲတမ်း တန်ဖိုးရှိသော စာအုပ်များ ဖြစ်လာကြသည်။ သူ့စာအုပ်များထဲမှ လူသိအများဆုံးစာအုပ်များမှာ ဤသည်တို့ဖြစ်ကြပါသည်၊– "ဝန်ခံခြင်း"(Confessions) ထိုစာအုပ်ကို ဘုရားသခင့်သားသမီးတိုင်းက မိမိတို့ဘဝ တချိန်ချိန်တွင် မဖြစ်မနေဖတ်သင့်ပါသည် (မြန် မာပြန်နိုင်ဖို့ ဆုတောင်းကြပါ – ဘာသာပြန်သူ)၊ "ဘုရားသခင်၏မြို့တော်"(City of God) – လူရိုင်းများထံတွင် ရောမမြို့တော်ကြီး အဘယ့်ကြောင့် ကျဆုံးရပါသနည်းဆိုသည်ကို ရှင်းပြဖို့ ရေးသားခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုအထဲတွင် ခရစ်ယာန်အတွေးအခေါ် ၏ သမိုင်းအမြင်(Christian philosophy of history) ပါဝင်နေပါသည်။ ဆန့်ကျင်တိုက်လှန်ခြင်း(antithesis)အကြောင်းကို အရှင်းဆုံး ရှင်းပြသောစာအုပ်လည်းဖြစ်ပါသည်။ ထို့အပြင် အစိုးရတော်မူသော ဘုရားသခင်၏ ရွေးကောက်ခွဲခန့် မှတ်သားတော်မူခြင်းအ ကြောင်းကိုလည်း ထိုစာအုပ်တွင် ရှင်းပြပါသည်။ နောက်တအုပ်မှာ "သုံးပါးတဆူ"(Trinity)အကြောင်းစာအုပ်ဖြစ်သည်။ ကဲလ်ဗင်း ၏ရေးသားချက် မတိုင်မီ၊ သုံးပါးတဆူအကြောင်းကို အရှင်းလင်းဆုံး ရေးသားချက်ဖြစ်သည်။ နောက်တအုပ်မှာ "ပြန်လည်ရုတ်သိမ်း ခြင်း"(Retraction)ဖြစ်သည်၊ ထိုစာအုပ်တွင် ယခင်က သူရေးခဲ့သောအကြောင်းအရာများ၊ သူ ရင့်ကျက်လာပြီးချိန်အတွေးများနှင့် သဘောမတူနိုင်တော့သည်များကို ပြန်လည်ပြင်ဆင်ရေးသားခြင်းဖြစ်သည်။ နောက်စာအုပ်များမှာ ပလဲဂီးယန်းကိုဆန့်ကျင်သောစာအုပ်များ၊ ဆယ်မီပလဲဂီးယန်းများကို ဆန့်ကျင်ရေးသားသောစာအုပ်များ ဖြစ်ကြပါသည်။

ဩဂတ်စတင်သည် မပြောင်းလဲခင် သူတချိန်က ဝင်ရောက်ခဲ့သော မနီးချီးယန်းဂိုဏ်းကိုလည်း ဆန့်ကျင်တိုက်ပွဲဝင်ပါသည်။ ဒိုနန်းတီးစ်အဖွဲ့များကိုလည်း အသင်းတော်သို့ ပြန်လည်ဝင်ရောက်ကြရန် ကြိုးပမ်းခဲ့ပါသည်။ သို့သော် သူဆင်နွှဲခဲ့သည့် အကြီးဆုံးတိုက်ပွဲမှာ ပလဲဂီးယန်း၊ ဆယ်မီပလဲဂီးယန်းတို့ကို ဆန့်ကျင်ခြင်းဖြစ်သည်။

ဩဂတ်စတင်ခေတ်မတိုင်မီတွင် အသင်းတော်က အာဒံအပြစ်ထဲကျဆုံးခြင်း(the fall of Adam)၊ လူသား၏ပျက်စီးနေခြင်း (depravity of man)၊ ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းလုပ်ပေးခြင်း(the work of salvation through grace)၊ ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်း(predestination) စသည့်ဩဝါဒများကို တိုးတက်ပြည့်စုံအောင် ပြုလုပ်နိုင်ခြင်း မရှိခဲ့သေးပါ ဆိုသည်ကို သတိပြုရမည်ဖြစ်ပါသည်။ အမှန်ပြောရလျှင် ထိုခေတ်အသင်းတော်က လူ၏ကယ်တင်ခြင်းသည် ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ်တွင် အခြေခံ

ပါသော်လည်း၊ လူသား၏လွတ်လပ်စွာရွေးချယ်နိုင်ခြင်းအပေါ်တွင် တည်မှီနေပါသည်ဟု အများအားဖြင့် လက်ခံခဲ့ကြပါသည်။ အသင်းတော်ဖခင်ကြီးအားလုံးက ထိုသို့ပင် လက်ခံခဲ့ကြပါသည်။

ထိုသို့သောအချိန်တွင် ပလဲဂျီးယပ်စ်သည် သူ၏အပေါ်ယံကျောဖြစ်ခြင်း၊ ဘုရားသခင်အားငြင်းပယ်သော သွန်သင်မှုတို့နှင့်အတူ ပေါ်လာခဲ့ပါသည်။ သူက ကယ်တင်ခြင်းသည် လုံးလုံးလျားလျား လူသား၏စွမ်းဆောင်နိုင်ခြင်းအပေါ် တည်မှီသည်ဟု သင်ပေးပါသည်။ လူသည် ကောင်းသောအလုပ်များကို လုပ်နိုင်စွမ်းရှိသည်၊ မိမိ၏ကောင်းသောအလုပ်များဖြင့် ကယ်တင်ခြင်းကို ရနိုင်သည်ဟု သင်ပါတော့သည်။ ပလဲဂျီးယန်းဝါဒပြီးသည်နှင့် ဆက်တိုက်လိုက်လာသော သွန်သင်ခြင်းမှာ "ဆယ်မီးပလဲဂျီးယန်းဝါဒ" ဖြစ်သည်။ ၎င်းဝါဒသည် အာမီးနီးယန်းဝါဒ ရှေ့ပြေးဖြစ်သလို၊ ပလဲဂျီးယန်းဝါဒကို ပြုပြင်မွမ်းမံခြင်းသာဖြစ်ပါသည်။

ထိုအဓိပ္ပါယ်မရှိသော မဟုတ်တရုတ်များကို ဩဂတ်စတင်က တိုက်ပွဲဝင်ခဲ့ရခြင်းဖြစ်သည်။ ထိုပြဿနာများ၏အဖြေကို ဩဂတ်စတင်က ရှင်းလွန်းအောင် သိမြင်ခဲ့ကာ၊ ၎င်းတို့နှင်သက်ဆိုင်သည့်ဩဝါဒများကို ဖွံ့ဖြိုးအောင် တည်ဆောက်ပြုပြင်ခဲ့ခြင်းသည်၊ ကျွန်တော့်အတွက် မကုန်ဆုံးနိုင်သောအံ့ဩရခြင်းကို အမြဲတမ်းဖြစ်စေပါသည်။ ဩဂတ်စတင်သည် ပလဲဂျီးယန်းနှင့်ဆယ်မီးပလဲဂျီး ယန်းတို့က ထောက်ခံအားပေးကြသော အမှားများကိုသာ ဆန့်ကျင်ဖြေရှင်းသည်မဟုတ်ပါ၊ သူသည် အစိုးရတော်မူသော၊ သီးသန့် ဖြစ်သောကျေးဇူးတော်(doctrine of sovereign and perticular grace)ဩဝါဒကိုလည်း ဖွံ့ဖြိုးအောင်တည်ဆောက်ခဲ့ပါသည်။ အထူးသ ဖြင့် သူသည် "ဧဝံဂေလိအားလွတ်လပ်စွာကမ်းလှမ်းခြင်း"(free offer of gospel)၊ "အားလုံးနှင့်ဆိုင်သောကျေးဇူးတော်"(common grace) တို့ကို ငြင်းပယ်ခဲ့ပါသည်။ ထို့နောက် မယုံကြည်သူတို့ပြုကြသည့် ကောင်းမြတ်သောအလုပ်များဟု ခေါ်လေ့ရှိကြသည့်အရာ များကို သူက "ခန်းနားသောဒုစရိုက်များ"(splendid vices)ဟု ခေါ်ခဲ့ပါသည်။ သူက အစိုးရတော်မူသော၊ နှစ်ထပ်ကွမ်းကြိုတင်ခွဲခန့် မှတ်သားခြင်း(sovereign and double predestination)၊ အကန့်အသတ်နှင့်ဖြစ်သောအပြစ်ဖြေခြင်း(limited atonement)၊ လုံးလုံးပျက် ယွင်းနေခြင်း(total depravity)၊ မှတ်ယူပေးသောဒုစရိုက်(imputed guilt)၊ ကယ်တင်ခြင်းသည် ရွေးကောက်ခြင်းခံရသူများ၏ နှလုံး သားများထဲတွင် အစိုးရတော်မူသောကျေးဇူးတော်၏ လုပ်ကိုင်ပေးခြင်းအားဖြင့် ရရှိခြင်းဖြစ်သည် စသည်တို့ကိုလည်း သွန်သင်ခဲ့ပါ သည်။ သူတဦးထဲနှင့် ကျမ်းစာအတိုင်းဖြစ်သော လူသားအကြောင်း(anthropology)နှင့် ကယ်တင်ခြင်းအကြောင်း(spteriology) တို့ ၏ အခြေခံအုတ်မြစ်တခုလုံးကို ချမှတ်ခဲ့ပါသည်။

ဝမ်းနည်းစရာကောင်းသည်မှာ၊ ဩဂတ်စတင်၏ဩဝါဒများကို ရိုမန်ကက်သလစ်အသင်းတော်က ဘယ်တော့မှလက်မခံခဲ့ခြင်းဖြစ်ပါသည်။ ဩဂတ်စတင် သေပြီးမကြာခင်၊ ဆယ်မီးပလဲဂျီးယန်းဝါဒက အသင်းတော်ကို အနိုင်ယူသွားခဲ့ပါသည်။ ဩဂတ်စတင်၏အမြင်များကို အားကြီးစွာခုခံကာကွယ်သူ ဂိုချော့ခ်(Gotteschalk)ဆိုသူကိုလည်း ရိုမန်ကက်သလစ်ဂိုဏ်းက အေဒီ (၉)ရာစုတွင် ဩဂတ်စတင်၏အမြင်များကို သင်ပေးမှုကြောင့် သတ်ဖြတ်ခဲ့ပါသည်၊ ထိုအမြင်များကြောင့် ဂိုချော့ခ်သည် မာတုရ(အာဇာနည်)အဖြစ် သေဆုံးခဲ့ပါသည်။ ထိုသို့ဖြစ်ခြင်းသည် ရှောင်လွှဲ၍မရသောကိစ္စဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဩဂတ်စတင် လက်ထက်ကပင် အသင်းတော်သည် ဩဂတ်စတင်၏သွန်သင်ခြင်းများနှင့် အူကြောင်ကြောင်နိုင်လှသော အမြင်ကို ခံယူခဲ့ကြပြီး ဖြစ်နေပါသည်။ ၎င်းမှာ ကောင်းသောအလုပ်များ၏ထိုက်တန်ခြင်းဝါဒ ဖြစ်ပါသည်။ ဩဂတ်စတင်၏သွန်သင်ခြင်းများကို လက်ခံဖို့သည်၊ အသင်းတော်အများစုက လက်ခံထားကြပြီဖြစ်သော ဩဝါဒများကို စွန့်လွှတ်ရခြင်းနှင့် ပတ်သက်နေပြီဖြစ်သည်။

ထိုအကြောင်းကြောင့်၊ နားမလည်နိုင်လောက်သည့် ဘုရားသခင်ဉာဏ်ပညာတော်အရ၊ စစ်မှန်သောဩဂတ်စတင်ဝါဒီများသည် အမှန်တရားကို ခရစ်တော်၏အသင်းတော်က လက်ခံလာဖို့ရန် အသင်းတော်ပြန်လည်ပြုပြင်ခြင်းအချိန်ထိ စောင့်ရဦးမည်ဖြစ်သည်။ ကဲလ်ဗင်းရေးသားသော "ခရစ်ယာန်ဘာသာ၏အခြေခံသဘောတရားများ"ဆိုသည့်စာအုပ်ကို သာမန်ကာလျှံကာ ဖတ်ဖူးသူတဦးကပင်၊ ကဲလ်ဗင်းသည် မကြာခဏ ဩဂတ်စတင်အား ကိုးကားလျှက်၊ သူသည် ဟစ်ပိုမြို့မှ ကြီးကျယ်လှသောသင်းအုပ်၏ ခလေ့ထုံးစံပေါ်တွင် ရပ်တည်သူဖြစ်ကြောင်း သက်သေပြနေခြင်းကို သတိပြုနိုင်ကြပါသည်။

ကျွန်တော်တို့လည်း ထိုသို့ပင် ရပ်တည်ကြသူများဖြစ်ကြပါသည်၊ ကဲလ်ဗင်း၏တပည့်များ၊ ကျောင်းသားများ ဖြစ်ကြပါသည်၊ ကျွန်တော်တို့ချစ်သော အမှန်တရား၊ မြန်နိုးသော အမှန်တရားသည်၊ အေဒီ (၅)ရာစုထိအောင်ပြန်သွားလျှက်၊ ချစ်ခင်မြတ်နိုးရသော ဩဂတ်စတင်၏ သွန်သင်ခြင်းမှလာသော အမှန်တရားပင်ဖြစ်ကြောင်း ကျွန်တော်တို့ သိကြပါသည်။ ဩဂတ်စတင်အတွက် မြတ်နိုးစရာဖြစ်သော ထိုကျမ်းစာ၏သင်ပေးခြင်းများကို စွဲကိုင်ကြလျှက်၊ သူ၏စကားလုံးများသည် ကျွန်တော်တို့၏နှလုံးသားများတွင်လည်း ပဲ့တင်သံ ရိုက်ခတ်နေသည်ကို တွေ့နိုင်ကြပါသည်၊ "ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကိုယ်တော့်အတွက် ဖန်ဆင်းထားပါသည်၊ ကျွန်ုပ်တို့၏ နှလုံးသားများသည် ကိုယ်တော့်ထံတွင် အနားမရကြမချင်း၊ အနားမရဘဲ ဖြစ်နေကြပါသည်။"

သူသေခါနီးချိန် အိပ်ရာပေါ်လဲလျောင်းနေသောအခါ၊ ဩဂတ်စတင်က နောင်တရခြင်းနှင့်ဆိုင်သောဆာလံများ(ဆာလံ ၆၊ ၃၂၊ ၃၈၊ ၅၁၊ စသည်များ)ကို သူ့အခန်းနံရံပေါ် ရေးခိုင်းပါသည်၊ ထိုသို့ဖြင့် ၎င်းတို့ကို အချိန်မရွေးဖတ်နိုင်ဖို့ဖြစ်သည်။ သူသည် ဩဂုတ်လ ၂၈၊ အေဒီ ၄၃၀၊ အသက် ၇၅ နှစ်တွင် သေဆုံးခဲ့ပါသည်၊ ဥရောပမှ လူရိုင်းမျိုးနွယ်တခုဖြစ်သည့် ဗန်ဒဲလ်တို့က သူနေထိုင်ရာမြို့ ဟစ်ပိုကို သိမ်းယူမဖျက်ဆီးခင်အချိန်ကလေးတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ပါသည်။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××××××××××

<u>ဆင်ခြင်တွေးတောခြင်းကဏ္ဍ</u>

## ယုဒ၊ ယေဟောဝါအားချီးမွမ်းခြင်း

(Judas, the Praise of Jehovah)

“အကျွန်ုပ်သည် မဟာပရိသတ်အလယ်မှာ ကိုယ်တော်ကို ချီးမွမ်းပါမည်” **ဆာလံ ၂၂း၂၅**

စကြဝဠာကြီး၏၊ သမိုင်း၏၊ နောက်လာမည့်ကမ္ဘာသစ်၏ အနှစ်မ၊ တခုတည်းဖြစ်သော၊ ပြည့်စုံစေ့စပ်သော ရည်ရွယ်ချက်သည် – ယေဟောဝါ(ဘုရားသခင်)ကို ချီးမွမ်းခြင်းဖြစ်ပါသည်။

ယေဟောဝါ(ဘုရားသခင်)ကို ချီးမွမ်းခြင်း၊– ကျွန်တော်တို့အားလုံးကို မျက်မှောက်ဘဝတွင် ပေးထားသောတာဝန်ဖြစ်သည်၊ ကျွန်တော်တို့ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ကောင်းကင်တမန် (သို့) နတ်ဆိုး၊ သိလျှက် (သို့) မသိလိုက်ဘဲနှင့်၊ မည်သည့် အခြေအနေမျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မည်သည့် အခြေအနေမျိုး၌ ရောက်နေသည်ဖြစ်စေ၊ ကျွန်တော်တို့သည် ဘုရားသခင်ကို ချီးမွမ်းရပါမည်။

ချီးမွမ်းခြင်းဆိုသောစကားလုံး၏ အရင်းအမြစ်သည် လက်ကိုဆန့်တန်းလိုက်ခြင်းဟု အဓိပ္ပါယ်ရပါသည်။ လက်များကို ဆန့်တန်းလျှက်၊ အပေါ်သို့မော့ကြည့်သောမျက်လုံးများနှင့် မော်မော်ကြွားကြွား၊ ဝမ်းမြောက်စွာ သီချင်းဆိုကာ ကျွန်တော်တို့သည် ဘုရားသခင်ကို ချီးမွမ်းကြရပါမည်။

ထိုသို့ပြုရန် သူသည် ထိုက်တန်ပါသည်။ သူ့ကို အဆက်မပြတ်ချီးမွမ်းကြရပါမည်၊ အဘယ့်ကြောင့်ဆိုသော် ထိုက်တန်၍ ဖြစ်ပါသည်။ သူ၏ဘုရားဖြစ်တော်မူခြင်းနှင့် သူ၏သခင်ဖြစ်တော်မူခြင်းတို့က အားလုံးသောထိုက်တန်ခြင်းများ၊ အားလုံးသော ကောင်းမြတ်ခြင်းများ၊ အားလုံးသောခန်းနားခြင်းများ၊ ဂုဏ်ပြုခြင်းများနှင့်ဘုန်းကျက်သရေတို့ကို ကျွန်တော်တို့တွေးနိုင်သလောက်၊ တွေးနိုင်ခြင်းထက်ပို၍စွာ ပိုင်ဆိုင်တော်မူပါသည်။

နောက်ဆုံးတွင် ထိုသို့ပြုခြင်းကို ကျွန်တော်တို့သည် သန့်စင်သောချစ်ခြင်း၏စေ့ဆော်မှုဖြင့် ပြုကြရပါမည်။

ထိုချစ်ခြင်းသည် အပြည့်အဝ အထူးသီးသန့်ဖြစ်ရပါမည်။ ကျွန်တော်တို့နှလုံးသားများမှထွက်လာသော ချစ်ခြင်းအားလုံးကို ဘုရားသခင်အားချီးမွမ်းခြင်းနှင့် မိမိကိုယ်ကို ယေဟောဝါ၊ ပဋိညာဉ်ဘုရားသခင်အဖြစ် ဖွင့်ပြတော်မူသော ဘုန်းကျက်သရေပြည့်ဝလှသည့် ဘုရားသခင်အား ကြည်ညိုခြင်းသို့ လမ်းညွှန်ရပါမည်။

°°°°°°°

ယေဟောဝါ(ဘုရားသခင်)အား ချီးမွမ်းခြင်း!

၎င်းသည် ထိုအမည်၏ အဓိပ္ပါယ်ဖြစ်ပါသည်၊– ယုဒ!

ယုဒဆိုသောအမည်သည် ကျက်သရေနှင့်ပြည့်ဝသောအမည်ဖြစ်ပါသည်။ ထို့ထက်ပိုလှသောအမည်၊ ဘုရားသခင့်ပုံသဏ္ဍာန်တော်အတိုင်း ဖန်ဆင်းထားသောဖန်ဆင်းခံအတွက် ပို၍သင့်တော်သောနာမည်ကို ကျွန်တော် မတွေးနိုင်တော့ပါ။

ထိုနာမည်ကို ပထမဆုံး ကျွန်တော်တို့သည် လီယာ(လေအာ)နှင့်သူမ၏ ရှုန်းကန်လှုပ်ရှားရခြင်းတို့၌ ကြားရပါသည်။ ဆိုးညစ်သောကလိန်ကျမှုဖြင့် လာဗန်(သူမဖခင်)က ယာကုပ်ထံ အတင်းထိုးပေးသည်၊ သူမကို ယာကုပ် မကြိုက်ပါ။ ယာကုပ်က ရေချယ်(ရာခေလ)ကိုသာချစ်သည်။ သို့သော် လေအာက ယာကုပ်ကို ချစ်သည်။ ထိုအနည်းငယ်သောစကားလုံးတို့ထဲတွင် သင်သည် ရှုန်းကန်လှုပ်ရှားခြင်းတခုအတွက် လိုအပ်သောအခြေခံပစ္စည်းများအားလုံးကို တွေ့နိုင်ပါသည်။ လီယာသည် သူ၏ခင်ပွန်း၏အချစ်ကိုရဖို့ မည်မျှရှုန်းကန်ခဲ့ရပါသနည်း! သူမ၏ကလေးများကို နာမည်ပေးမှုမှနေ၍ ရှင်းနေအောင်တွေ့နိုင်ပါသည်၊– ရုဗင်၊ စိမိယွန်၊ လီဗိုင်း။ ပထမ၊ ရုဗင် = အမှန်ပင် ဘုရားသခင်သည် ငါ့ ဒုက္ခကို ကြည့်ရှုတော်မူပြီ၊ ထို့ကြောင့် ငါ့ယောကျ်ားက ငါ့ကိုချစ်တော့မည်! ဒုတိယ၊ စိမိယွန် = ငါ အမုန်းခံရကြောင်းကို ဘုရားသခင်သိပြီ၊ ထို့အတွက်ကြောင့် ဤသားကိုလည်း ငါ့ကိုပေးတော်မူပြီ! တတိယ၊ လီဗိုင်း(သူမ၏ သနားစရာအကောင်းဆုံး ရှုန်းကန်လှုပ်ရှားရခြင်းနှင့်ဒုက္ခဝေဒနာကဏ္ဍကိုဖေါ်ပြခြင်း) = ယခုချိန်မှစ၍ ငါ့ယောကျ်ားသည် ငါနှင့်အတူလာနေတော့မည်၊ အဘယ့်ကြောင့်ဆိုသော် ငါသည် သူ့အတွက် သားသုံးယောက်ကို မွေးပေးပြီ!

သို့သော် ဘာမှထူးမလာပါ၊ ယာကုပ်သည် နူးညံ့သောမျက်လုံးများနှင့်နှလုံးသားရှိသူ လီယာထက် ရေချယ်ကိုသာ ချစ်လျှက်ရှိသည်။ နူးညံ့သောမျက်လုံးနှင့်နှလုံးသား၏အဓိပ္ပါယ်မှာ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းကို ဆိုလိုပါသည်။

ယာကုပ်သည် သူ့ထံ လိုချင်သောအချစ်နှင့်ပြန်မလာခဲ့ပါ။

သို့သော် အရာခပ်သိမ်းသည် သူ၏ကောင်းသောလိုချင်မှုဖြင့် ခေါ်တော်မူထားသည့် ဘုရားသခင်ကို ချစ်သောသူတို့အတွက် ကောင်းခြင်းများကိုသာ လုပ်ဆောင်ပေးကြပါသည်။ လီယာ မိမိသင်ခန်းစာများကို ကောင်းစွာသင်ယူခဲ့ပြီဖြစ်သည်။ နောက်တကြိမ် သားတဦးမွေးဖွားသောအခါ၊ သူသည် မိမိယောကျ်ားထံမသွားတော့ဘဲ၊ အပြင်ထွက်ကာ ကောင်းကင်သို့ လက်ကိုဆန့်တန်းလျှက် အံ့အားသင့်စွာပြောပါသည်၊ ယုဒ! အိုး ယုဒ! ယခုတွင် ငါသည် ဘုရားသခင်ကို ချီးမွမ်းပါမည်။

ဟီဗရူးဘာသာစကား ယုဒ ဆိုသောစကားလုံးက၊ ကျွန်တော်တို့၏ ချိုမြိန်သောတာဝန်ကို ဖေါ်ပြနေပါသည်။

°°°°°°°

အနက်ရှိုင်းဆုံးအဓိပ္ပါယ်နှင့်ပြောရလျှင် ထိုနာမည်ကို ဘုရားသခင့်ထံသို့သာ ပေးသင့်ပါသည်။ ၎င်း၏ခြားနားချက်ကို ကျွန်တော် ပြောပြပါမည်၊– ယုဒဆိုသောအမည်သည် ၎င်း၏အဓိပ္ပါယ်အတိအကျအရ ဘုရားသခင်နှင့်သာကိုက်ပါသည်။

ဘုရားသခင်သည် ယုဒဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် မိမိကိုယ်ကို ထာဝရကာလမှ ထာဝရကာလတိုင် ချီးမွမ်းနေသူဖြစ်ပါသည်။

ထာဝရကာလနေ၍ ဘုရားသခင်သည် သူ၏လက်ကို သူကိုယ်သူထံသို့ ဆန့်တန်းလျက် မိမိ၏ဘုန်းကျက်သရေပြည့်ဝသော ဖြစ်တည်မှု၏ အံ့သြဖွယ်ရာအားလုံးကို ဖေါ်ထုတ်နေပါသည်– ၎င်းသည် ပဋိညာဉ်ဘုရားသခင်(ယေဟောဝါ)အားချီးမွမ်းသော သီချင်း ဖြစ်ပါသည်။

ဘုရားသခင်ဖြစ်တော်မူခြင်း၏ ကောင်းမြတ်ခြင်းများ၊ ဘုန်းကျက်သရေများ၊ လှပခြင်းများအား ဘုရားသခင်က သူကိုယ်သူ သိသကဲ့သို့ ပြည့်ဝစွာ သိသောသူ သိနိုင်သူ တယောက်မှမရှိပါ။ သူသည် မည်မျှပင် တန်ခိုးစွမ်းအား၊ ဉာဏ်ပညာတော်၊ ခွန်အားနှင့်ကောင်းမြတ်ခြင်းတို့၌ စကားဖြင့်ပြော၍မရလောက်အောင် ခန့်နားထည်ဝါလှသည်ကို ဘုရားသခင်၏အသိပညာဖြင့် ပြည့်ဝစွာ သိတော်မူပါသည်။

ကျွန်တော်တို့အတွက် ပြောမပြနိုင်လောက်အောင်ဖြစ်သည်များကို၊ သူကတော့ ပြောပြနိုင်ပါသည်။

သူသည် ၎င်းတို့အထဲ၌ ပျော်ရွှင်ဝမ်းမြောက်လျက်၊ မိမိ၏ ထာဝရပဋိညာဉ်သီချင်းကို အသံနေအသံထားတို့ဖြင့်၊ သာယာနာပျော်ဖွယ် သံစဉ်များဖြင့် သီဆိုနေပါသည်။ ထိုအချက်ကို ကျွန်တော်တို့ မည်သို့မျှ တွေး၍မရပါ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ဘုရားသခင်ဖြစ်တော်မူပါသည်။

နောက်တဖန်– ထိုသီချင်းကို သင်နိုင်သူ၊ ပြည့်ဝစွာသိဆိုနိုင်သူ တဦးမှမရှိပါ။ အဘယ့်ကြောင့်ဆိုသော် သူ၏အနန္တတန်ဖိုးကြီးခြင်းအဖြစ်ကို သူကိုယ်တိုင်ကသိသကဲ့သို့ သိနိုင်သူ တယောက်မှမရှိ၍ဖြစ်ပါသည်။

သို့သော် ထိုသီချင်းကို ဆိုနိုင်ဖို့ ဖြစ်နိုင်ခြေတော့ ရှိနေပါသည်။ ကျမ်းစာက ကျွန်တော်တို့ကို ပြောပြသောကြောင့် ဖြစ်ပါသည်။

ယေဟောဝါ(ဘုရားသခင်)အား ချီးမွမ်းခြင်းများ၊ ကျွန်တော်တို့၏ အချုပ်ခြိမ်းဆုံးတာဝန်ဖြစ်သည်။

.......

ပထမအနေနှင့် သမိုင်း၏အဦးဆုံးမနက်ခင်း၌ သူ၏သန့်ရှင်းသောလက်တော်ဖြင့် ဖန်ဆင်းခဲ့သော ဖန်ဆင်းခြင်းသို့ သင့်ကို ကျွန်တော်တို့ ညွှန်ပြပါမည်။

အရာခပ်သိမ်းက ဘုရားသခင်၏ဘုန်းကျက်သရေကို ကြေညာနေကြပါသည်။ အထူးသဖြင့် ကောင်းကင်အထပ်ထပ်ကဖြစ်ပါသည် (ဆာလံ ၁၉)။

"မိုဃ်းကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကို ကြားပြော၍၊ မိုဃ်းမျက်နှာကြက်သည် လက်တော်ဖန်ဆင်းလုပ်သော အရာများ ကို ပြသ၏။ တနေ့ကိုတနေ့ မြွက်ဆို၍၊ တညဉ့်ကိုတညဉ့် သွန်သင်၏။ ဗဂုတ်မြွက်ခြင်း၊ စကားပြောခြင်းမရှိ၊ သူတို့ ဗဂုတ္တထွက်သံကို မကြားရသော်လည်း၊ သူတို့၏အသံသည် မြေတပြင်လုံး၌ပေါ်ပြီ။ သူတို့၏စကားသည် မြေကြီးစွန်းတိုင်အောင် ရောက်လေ၏။"

ဆာလံ ၉၈ ကိုလည်း သတိပြုကြည့်လိုက်ပါ၊– "မြစ်တို့သည် လက်ခုပ်တီး၍၊ တောင်ရှိသမျှတို့သည်ညီညွတ်စွာရွှင်လန်းကြစေ။ အကြောင်းမူကား၊ မြေကြီးသားတို့ကို တရားစီရင်ခြင်းငှါ ကြွလာတော်မူ၏။ လောကသားတို့ကို ဖြောင့်မတ်စွာစီရင်၍၊ လူများကိုဟုတ်မှန်ခြင်းတရားအ တိုင်း စီရင်ဆုံးဖြတ်တော်မူလတံ့။"

ထို့နောက် ဟေရှာ ၅၅ တွင်လည်း ကျွန်တော်တို့သည် ချီးမွမ်းခြင်းသီချင်းသံကို ကြားရပြန်ပါသည်၊– "တော၌ရှိသမျှသော သစ်ပင်တို့သည် လက်ခုပ်တီးကြလိမ့်မည်။–" အဘယ့်ကြောင့်ဆိုသော် သူတို့က ဘုရားသခင်၏ကယ်တင်ခြင်းကို တွေ့မြင်ကြ၍ဖြစ်သည်။

သမိုင်း၏အရှုဏ်ဦးတွင် သင် ထိုပန်းချီကားကို မတွေ့ဘဲနေပါသလော?

ရေကြီးခြင်းများ၊ တောင်ကုန်းများ၊ တောင်ကြားများ၊ တောင်တန်းများ၊– သစ်ပင်များ၊ သစ်ဥသစ်ဖုများ၊ မြက်ပင်များ၊ ပန်းပွင့်များ၊– သားရဲများ၊ ငှက်များ၊ ငါးများ၊– ပုံသဏ္ဍာန်အားလုံး၊ အရောင်အသွေးအားလုံး၊ အသံအားလုံး၊ ရနံ့အားလုံး၊– သူတို့အားလုံးက စုပေါင်းလျက် ညီညွတ်စွာ သူတို့ကိုဖန်ဆင်းသူအား ချီးမွမ်းသည့်သီချင်းကို သီဆိုကြပါသည်။ ပျော်ရွှင်မှုအားဖေါ်ကျူးသော သီဆိုမှုနှင့် ဝမ်းမြောက်ခြင်းဖြစ်ပါသည်။ သူတို့သည် သူတို့တာဝန်ကို တွေ့ရှိခဲ့ကြပါသည်– ယုဒ! ယေဟောဝါ–ဘုရားသခင်ကို ချီးမွမ်းခြင်း ဖြစ်ပါသည်!

အိုး ယုဒသည် လှပပါသည်!

ဘုရားသခင့်ပုံသဏ္ဍာန်အတိုင်း ဖန်ဆင်းထားသော လူသားသည် ဤလှပလွန်းသောမြင်ကွင်းအလယ်တွင် ရပ်နေကာ၊ သူ့တာဝန်ကို ရှာတွေ့ခဲ့ပါသည်၊– တာဝန်မှာ ထိုသီဆိုခြင်းအားလုံးကို အနက်ဖွင့်ရခြင်းဖြစ်သည်။ အစင်ကြယ်ဆုံး ပဋိညာဉ်ချစ်ခြင်း၏ စေ့စော်မှုမှ အနက်ဖွင့်ရပါမည်၊ ဘုရားသခင်ထံ ပြန်ပို့ရပါမည်၊ သူ၏ဖန်ဆင်းရှင်၏ အံ့သြဖွယ်ရာအားလုံးကို နားလည်သဘောပေါက်စွာ သီဆိုရမည်ဖြစ်သည်။

ခဏတဖြုတ်တော့ သူ ပြုခဲ့ပါသည်။

ခဏတဖြုတ်တော့ သူ့နာမည်သည် ယုဒ ဖြစ်ခဲ့ပါသည်၊– သူသည် ပထမပါရာဒိုက်စ်(အေဒင်ဥယာဉ်)တွင် ဘုရားသခင်ကို ချီးမွမ်းခဲ့ပါသည်။

.......

သို့သော် အားလုံး လမ်းလွဲခဲ့ပါသည်။ အပြစ်နှင့်ဆိုးညစ်ခြင်းဖြင့် ဆိုးဆိုးရွားရွား လမ်းလွဲသွားကြသည်။ ဧဒင်ဥယာဉ်ထဲရှိ အချောသပ်ပြီး ပန်းချီကားအပေါ် ခက်ထန်ခဲ့ကြသည်။

လူသား ကျဆုံးခဲ့သည်။ ယခုအခါ အားလုံးသည် အပြစ်သားဖြစ်ခဲ့ပြီ၊ အကျင့်စာရိတ္တလည်း ပျက်စီးသွားကြပြီဖြစ်သည်၊ လမ်းလွဲသွားကြပြီ၊ ဆန့်ကျင်ဖက်သက်သက်သို့ ရောက်သွားကြပြီ။

လူသားသည် ဘုရားသခင်ကို ဆက်၍သုံးသပ်ဆဲဖြစ်ပါသည်။ သို့သော် သူ့ကို မေ့ပစ်ဖို့ သင့်သူ၊ ဂရုစိုက်ဖို့ မလိုသူ (သို့) မထီလေးစားပြုထိုက်သူဟုသာ မှတ်ယူပါတော့သည်။ လူတို့က ကောင်းကင်တမန်တို့၏ ဝမ်းမြောက်ခြင်းဖြစ်သော သူ့ကို ကောင်းချီးပေး မည့်အစား ကျိန်ဆဲကြပါသည်။

သူတို့က သူ့ကို မချစ်ကြတော့ပါ။ သူတို့က သူ့ကို ရက်စက်သောအမုန်းနှင့် မုန်းတီးကြပါသည်။

အိုး မှန်ပါသည်၊ သူတို့သည် ချီးမမ်းခြင်းကိုတော့ ပြုကြပါသေးသည်၊– လက်များကို အဆုံးစွန်သောကြည်ညိုခြင်း၊ ဝတ်ပြုခြင်းနှင့် ဆန့်တန်းတတ်ကြပါသည်၊ သို့သော် ကိုးကွယ်သောအရာများမှာ လူ၊ ဖန်ဆင်းခြင်း၊ အပြစ်နှင့်ဆိုးညစ်ခြင်း၏ ထိတ်လန့်ဖွယ်ရာများ ဖြစ်ကြသည်။ တခါတရံ သူတို့၏ ဂုဏ်ကျက်သရေသည် သူတို့၏ အရှက်ကွဲရခြင်း ဖြစ်လာတတ်ပါသည်။

လူသားက ဘုရားသခင်၏ အနှစ်သာရနှင့်ဖြစ်တည်နေမှုကို မငြင်းနိုင်ပါ၊– သူ၏အမှုကို ထမ်းရမည်၊ သူ့ကို ချစ်ရမည်၊ ကြည်ညိုရမည်၊ ရှိသေရှိခိုးခြင်းအဖြစ် သူ့လက်များကို ဆန့်ထုတ်ရမည်၊ သူ့ရည်ရွယ်ချက်ကို တမ်းတရမည် – စသည်တို့သည် သူ့တာဝန်ဖြစ်ကြောင်း လူသားက မငြင်းနိုင်ပါ။ သို့သော် သူသည် သူ၏ဘုရားသခင်ကို ပျောက်ဆုံးစေခဲ့ပြီဖြစ်သည်။ ယခုအခါ သူသည် သူ့ကိုယ်ပိုင်ဘုရားကို ပုံဖေါ်တော့မည်ဖြစ်သည်၊– ရုပ်တုနှင့် ၎င်းကို ကိုးကွယ်ခြင်းဖြစ်ပါသည်။ စက်ဆုပ်ရွံရှာဖွယ် ဒုစရိုက်ဖြစ်သည်။

ချီးမွမ်းခြင်း မဟုတ်တော့ပါ၊ သို့သော် ၎င်း၏ ကြောက်ခမန်းလိလိ အခြားတဖက်၊ ဆန့်ကျင်ဖက်၊ ဆန့်ကျင်တိုက်လှန်မှု ဖြစ်သည်။ လူသားသည် ဖန်ဆင်းရှင်၏နေရာတွင်၊ ဖန်ဆင်းခံများကို ကြည်ညိုလျှက်ရှိပါသည်။

အနို ဒိုမီနီး ၃၃ (အေဒီ ၃၃ ကိုဆိုလိုသည် – ဘာသာပြန်သူ) တွင် ကျွန်တော်တို့ ယုဒ ကိုတွေ့ကြရသည်၊ ကျွန်တော်တို့ တုန်လှုပ်ကြပါသည်။

သမိုင်းထဲရှိ ထိုအချိန်က ထိုသူပြုခဲ့သော အမှားအတွက်ကြောင့်၊ ကျွန်တော်တို့သည် မိမိတို့ကလေးငယ်များကို ယုဒ ဆိုသောအမည်ဖြင့် ဗတ္တိဇံ မပေးချင်ကြတော့ပါ။ လူတဦးကို ယုဒ ဟု ကျွန်တော်တို့က ခေါ်ခြင်းသည်၊ ထိုလူ့ကို သွေးများဆူဝေအောင် ဒေါသထွက်ဖို့ ဆွလိုက်သလို ဖြစ်နေပါသည်။

သို့သော် ထိုနာမည်သည် ချိုမြိန်ပါသည်၊ လှပသည်၊ ဘုရားသခင့်ဉာဏ်ပညာနှင့်လည်း ပြည့်နေပါသည်။

သို့သော် ယုဒ၊ သမိုင်းထဲမှ ယုဒ သည်(မြန်မာလို ယုဒရှကာရှုတ်ဟု ဆရာယုဒသန်က ဘာသာပြန်၏)၊ သူဖခင် နတ်ဆိုး၏ ထိုက်တန်လှသော သားတဦးဖြစ်ပါသည်။

သို့သော် အနို ဒိုမီနီး ၃၃ (အေဒီ ၃၃)တွင် ဖြစ်ပျက်ခဲ့သော ပြဇာတ်ထဲတွင် သူသည် ကျွန်တော်တို့၏ကိုယ်စားလှယ်ဖြစ်ကြောင်း မမေ့သင့်ကြပါ။ ထိုအချက်ကို အထူးပြုကြပါမည်။ မိမိကိုယ်မိမိ ဖြောင့်မတ်လှသည့်ပုံစံနှင့် သူ့ကိုကြည့်ကာ မရှုတ်ချလိုက်ပါနှင့်။ သူသည် ကျွန်တော်တို့ကဲ့သို့ ရမ္မက်များနှင့် လူတဦးသာဖြစ်ပါသည်။ သူက ကျွန်တော်တို့လည်း ပြုနိုင်ကြသောအကြောင်းအရာကို ပြနေခဲ့ခြင်းသာဖြစ်ပါသည်။

ကြည့်ကြရအောင်၊– သူ၏ လှပသောအမည်ကို သူ မည်သို့ အသက်ရှင်ခဲ့ပါသနည်း? သူသည်လည်း သခင်ယေရှုကို ဝေဖန်သုံးသပ် တန်ဖိုးဖြတ်ခဲ့မည်မှာ အသေချာပင် ဖြစ်ပါသည်။ သူ ယေရှုကို သိခဲ့သည်။ သုံးနှစ်သုံးမိုး သူနှင့်အတူ သွားလာခဲ့သည်၊ သူ၏အလုပ်များကို တွေ့ခဲ့သည်၊ သူ၏ဘုန်းကျက်သရေပြည့်စသော တရားဟောခြင်းများကို ကြားခဲ့သည်။ အံ့သြစရာ တရားဟောဆရာ တဦးကိုတော့ ငါတွေ့ပြီဟု ပြောခဲ့ပါမည်။

ပြုစရာရှိသည်များ၊ ပြောစရာရှိသည်များကို ပြောကြပြုခဲ့ကြပြီးသောအခါ၊ သူသည် ယဇ်ပုရောဟိတ်မင်းများထံ သွားကာ၊ သူ၏ သစ္စာဖေါက်ခြင်းဈေးနှုန်းအတွက် သူတို့နှင့်အတူ ပဋိညာဉ်ပြုခဲ့ပါသည်၊– လက်တစ်ဆုပ်စာ ငွေစအနည်းငယ်။

လက်ကိုဆန့်တန်းကာ အံ့သြဘနမ်း ချီးမွမ်းပါသည်။ သို့သော် သူ၏လက်များ ဆန့်တန်းခဲ့သည့်အရာမှာ ညစ်ညမ်းသောငွေ(ပိုက်ဆံ)သို့ ဖြစ်ပါသည်။

သူ၏နာမည်အရဆိုလျှင် သူသည် သခင်ဖြစ်သူ ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ကို ချီးမွမ်းရမည်ဖြစ်ပါသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ယုဒ၏အသံကို နားထောင်ကြည့်ပါ၊– ဆရာ မင်္ဂလာပါ! မင်္ဂလာပါ! မည်မျှလှပသော စကားလုံးများနည်း? ၎င်း၏အရင်းအမြစ်သည် ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ရခြင်းဖြစ်ပါသည်။ သို့သော် ဤအဖြစ်အပျက်တွင် သူ၏ အနူမြူးနေရခြင်းသည် သူပြုခဲ့သော စက်ဆုပ်ရွံရှာဖွယ်အောင်မြင်ခြင်းက ဖြစ်စေသော အနူမြူးခြင်းသာဖြစ်နေပါသည်။

သူ၏ ကြောက်မက်ဖွယ်အပြုအမူ၏ ရည်ရွယ်ချက်ကား အဘယ်နည်း? ၎င်းသည် ချစ်ခြင်းမဟုတ်ပါ၊ ဆိုးရွားသောအမုန်းဖြစ်ပါသည်။ သို့သော် ကြည့်ရသည်မှာ သူက ယေရှုကို ချစ်နေသလို မြင်ရပါသည်။ သူသည် ဘုရားသခင့်သားတော်ကို ဖက်ကာနမ်းခဲ့ပါသည်။ မည်မျှနက်ရှိုင်းသော ယုတ်မာသိမ်ဖျင်းမှု ဖြစ်ပါသနည်း! တုန်လှုပ်သွားခြင်းမှလွဲ၍ ကျွန်တော်တို့ ဘာမှမတတ်နိုင်ပါ။

သူသည် သူ၏ဆုလာဘ်ကို ရခဲ့ပါသည်။ စာတန်သည် သူ၏တန်ဆာပလာကို သုံးပြီးသောအခါ၊ ၎င်းကို မျှော်လင့်ချက်ပျက်သုဉ်းခြင်းနောင်တသို့ လွှင့်ပစ်လိုက်ပါသည်။ ယုဒ သည် ကြိုးတချောင်းကိုယူကာ မိမိကိုယ်ကို ကြိုးဆွဲချ သတ်သေပါသည်။ နတ်ဆိုး၏ သားတဦးအတွက် ကိုက်ညီသောအဆုံးသတ် ဖြစ်ပါသည်။

.......

ယခုတော့ သခင်ဘုရားကို ကြည့်ကြပါမည်။ သခင်ယေရှုကို စွဲစွဲမြဲမြဲကြည့်ပါ၊ အဘယ့်ကြောင့်ဆိုသော် သူသည် ယုဒ ဆိုသောအမည်ကို ပြည့်စုံစေသူဖြစ်ပါသည်။

သူသည် ဤဝမ်းနည်းဖွယ်ကမ္ဘာကြီးတွင် ကျန်ရှိသည့် တဦးတည်းသော ယုဒ ဟု သင်ပြောလျှင်လည်းရပါသည်။ ကျွန်တော်တို့သည် ယုဒ–အတု၏သဘာဝကို သယ်ဆောင်ထားကြသူများ ဖြစ်ကြသည်။

သို့သော် သခင်ယေရှုသည် ဘုရားသခင်ကို ချီးမွမ်းသူ အစစ်အမှန်ဖြစ်ပါသည်။

သူသည် ဘုရားသခင့်အဖြစ်တော်ကို၊ ၎င်း၏ သင့်တော်သော တန်ဖိုးရှိခြင်းသို့ ရောက်အောင် မှန်ကန်စွာ သုံးသပ်တန်ဖိုးဖြတ်သူ ဖြစ်ပါသည်။ သူပြောသည်ကို နားထောင်ကြည့်ပါ၊– ဘုရားသခင့် ဘုန်းကျက်သရေပြည့်ဝသောအလိုတော်ကို အကောင်အထည် ဖေါ်ရခြင်းသည် ငါ့အစားအစာ၊ သောက်စရာ ဖြစ်သည်။

ဘုန်းကျက်သရေနှင့်ပြည့်ဝသော ဘုရားသခင့်အဖြစ်တော်၏ အံ့သြစရာများကို ဖေါ်ပြဖို့ သူ၏လက်များသည် လေထဲတွင် မြှောက်ထားလျှက်ရှိပါသည်။ ဤခေတ်ကို သူသည် သူမလာခင်ကပင် သူ၏ပရောဖက်များဖြင့် ပရောဖက်ပြုခဲ့ပါသည်၊ “အက႗ဝ္ပု သည္ မဟာပရိသတ္အလယ္မွာ ကိုယ္ေတာ္ကိုခ်ီးမြမ္းပါမည်”(ဆာလံ ၂၂း၂၅)။

သို့သော်၊ ဤယုဒ၏ ပတ်ပတ်လည်တွင် မည်မျှကြောက်မက်ဖွယ်ကောင်းသော အခြေအနေတို့က ဝန်းရံထားပါသနည်း ? သူရသော ဝေစုမှာ ပူပန်သောကနှင့် ဝေဒနာခံစားရခြင်းတို့သာ ဖြစ်ကြပါသည်။ လူ့ဇာတိနှင့်နေရစဉ်တလျှောက် သူသည် ပြင်းထန် သော အော်ဟစ်ရခြင်း၊ မျက်ရည်တို့နှင့်အတူ ကောင်းကင်ဘုံ၌ရှိသော သူ၏ခမည်းတော်ထံ သွားရမည်ဖြစ်ပါသည်။ အဘယ့် ကြောင့်ဆိုသော် သူသည် ဘုရားသခင့်သားသမီးတို့၏ အပြစ်များနှင့်ဒုစရိုက်များကို သယ်ဆောင်ရသောကြောင့်ဖြစ်သည်။ သူ့အ ပေါ်တင်ထားသော ဝန်ထုပ်ဝန်ပိုးကြောင့် ဖြစ်ပေါ်လာသော နာကျင်ရခြင်းသည်လည်း ပို၍သာတိုးနေပါသည်။ ၎င်းသည် အလွန် လေးလံလာသဖြင့် နောက်ဆုံးတွင် သူ၏ကောင်းချီးမင်္ဂလာနှင့်ပြည့်သော ဦးခေါင်း၏ချွေးပေါက်တို့မှ သွေးစက်များ တစက်စက် ကျ ခဲ့သည်အထိဖြစ်ပါသည်။ သိပ်သည်းလှသောသွေးစက်များက ဂေသရေမန်ပန်းခြံ၏ မြေဆီလွှာကို ဆိုစွတ်သွားစေပါတော့သည်။

သူသည် တကယ့် ယုဒ၊ တဦးတည်းသော ယုဒ ဖြစ်ပါသည်။

ထိုအော်ဟစ်ရခြင်း၊ ညီးတွားရခြင်းများအားလုံးကို ကောင်းကင်ဘုံဘာသာစကားသို့ ဘာသာပြန်လိုက်သောအခါ၊ ၎င်းတို့သည် သူ၏ ဘုရားသခင်အား ချီးမွမ်းခြင်းအသံများ ဖြစ်လာသည်ကို သင်တွေ့ရပါမည်။

“ချီးမွမ်းခြင်း”ဆိုသောစကားလုံး၏ အရင်းအမြစ်အဓိပ္ပါယ်ကို သင် မှတ်မိဦးမည်ဖြစ်သည်။ လက်ကို အထက်သို့ဆန့်တန်းကာ၊ အံ့သြခြင်း၊ ကြည်ညိုခြင်း ဖြစ်ပါသည်။

မှန်ပါသည်၊ ထိုအချက်နှင့် နာဇရက်မြို့သာယေရှုကို သင်တွေ့မြင်ပါလိမ့်မည်။

နှစ်ပေါင်းများစွာ ကြိုတင်၍၊ ဒါဝိတ်က ၎င်းကို သီဆိုခဲ့ပါသည်၊– တညလုံး လက်ကိုဆန့်တန်းလျှက်၊ နှစ်သိမ့်မှုမရသော ကျွန်ုပ် အလင်းကို ရှာဖွေခဲ့ပါသည်!

ထို့နောက် သူသည် ပို၍နက်သည်ထက်နက်အောင် နစ်မြုပ်ခဲ့သည်မှာ၊ ငရဲသို့ရောက်သည်အထိဖြစ်ပါသည်။

သို့သော်၊ အံ့သြစရာကောင်းလှသည်မှာ၊ သူသည် ထိုနေရာတွင်လည်း ဘုရားသခင်ကို ချီးမွမ်းဆဲဖြစ်ပါသည်။

အနက်ရှိုင်းဆုံး ငရဲ၏အောက်ခြေကပင် သခင်ယေရှုသည် ဘုရားသခင်ကို ချီးမွမ်းခဲ့ပါသည်။ ထိုသို့ သခင်ယေရှု ဘုရားသခင်ကို အမြဲတမ်းချီးမွမ်းရခြင်းသည် သင်နှင့်ကျွန်ုပ် ကယ်တင်ခြင်းရဖို့ဖြစ်ပါသည်။ ၎င်းသည် နာခံခြင်း၏ချစ်ခြင်းကို ဖွင့်ပြနေခြင်း ဖြစ်ပါသည်။

လှပသောပါရဒိုက်စ်(ဒေင်)၌ အရာခပ်သိမ်းသည် သူ့အတွက်ဖြစ်ခဲ့စဉ် အာဒံက ဘုရားသခင်ကို ချီးမွမ်းရမည်ဖြစ်ပါသည်။ သို့သော် ဒုတိယ (သို့) နောက်ဆုံးအာဒံသည် ငရဲ၏အောက်ဆုံးနေရာတွင် ရပ်နေပါသည်၊ ထိုနေရာမှနေ၍ ဘုရားသခင်အား ချီးမွမ်းရန် ဖြစ်ပါသည်။ သူ့ကို နားထောင်ကြည့်ပါ၊– အကျွန်ုပ်၏ဘုရား! အကျွန်ုပ်၏ဘုရား! ထိုစကားလုံးအနည်းငယ်မှနေ၍ ခမည်းတော်ဘုရားသခင်အား ချီးမွမ်းသံကို သင်ကြားနိုင်ပါမည်။ သူသည် ဘုရားသခင်ကို ဘယ်တော့မှ ထွက်ခွာခွင့်မပြုခဲ့ပါ။ သခင်ယေရှုသည် ယုဒစစ်စစ် အမှန်ပင်ဖြစ်ပါသည်!

.......

ဤအရာသည် ထာဝရဧဝံဂေလိတရားဖြစ်သည်၊– သခင်ယေရှုသည် သင်နှင့်ကျွန်ုပ်အတွက်၊ ဘုရားသခင်၏ချစ်ခြင်း၏ ကြိုတင်သိတော်မူခြင်းဖြင့် သိတော်မူသောသူအားလုံးအတွက် ယုဒ ဖြစ်ပါသည်။

သူသည် သင့်နေရာတွင် ရပ်နေပါသည်၊ ကျွန်တော့်ညီအကိုခင်ဗျား၊ သင့်အတွက်၊ သင့်ကိုယ်စား သူသည် တရားရုံးအမိန့်စာကို ပြည့်စုံစေခဲ့ပါသည်။ သင် ငါ့ကို အမြင့်မားဆုံးကောင်းမြတ်ခြင်းအဖြစ် ချီးမွမ်းပါဟု ပြောနေပါသည်။

ထို့နောက် သူသည် သင်၏အထဲတွင် ယုဒ ဖြစ်ပါသည်။

သူ၏ သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်ပြုပြင်ပေးခြင်းတန်ခိုးမှတဆင့်၊ အံ့သြစရာများကို ဖြစ်စေနိုင်သော သူ၏နှုတ်ကပတ်တော် တန်ခိုးဖြင့်၊ သူသည် သင့်ကို ဘုရားသခင်အား ချီးမွမ်းတတ်အောင် သင်ပေးပါသည်။

မှန်ပါသည် ကျွန်တော်တို့ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေကြပါသည်၊ သီဆိုကြသောအခါ တုန်လှုပ်ကြရပါသည်။ သို့သော် ကျွန်တော်တို့ သီဆိုရပါမည်၊ ဆိုလည်း ဆိုကြလိမ့်မည်ဖြစ်သည်။ ကျွန်တော်တို့ တိတ်ဆိတ်နေကြလျှင် လမ်းဘေးမှ ကျောက်တုံးများက ဘုရားသခင်အားချီးမွမ်းခြင်းကို သီဆိုကြပါလိမ့်မည်။

မျိုးနွယ်ဆက်များ တဆက်ပြီးတဆက်၊ ယုဒအမြောက်အများသည် ကြီးမြတ်သောအသင်းတော်တွင် ရှိနေကြမည်သာဖြစ်ပါသည်။ သူတို့က ဘုရားသခင်အားကြည်ညိုခြင်းသီချင်းကို သီဆိုကြမည်ဖြစ်သည်။ ကျွန်တော်တို့သခင် ယေရှုခရစ်တော်အားဖြင့် ကျွန်တော်တို့ချစ်ရသော ဘုရားသခင်ဖြစ်ပါသည်။

.......

ဤခေတ်အခါနှင့် ဤကမ္ဘာကြီး တနေ့သောအခါ ပျောက်လွင့်သွားပါမည်။ ကြီးမားသောကပ်ဘေးကြီးများ ကျရောက်ဦးမည်ဖြစ်သည်၊– ထိုနောက်ဆုံးသောလောင်ကျွမ်းမှုကြီးဖြင့် အရာအားလုံးသည် သန့်စင်ရမည်ဖြစ်သည်။

ထို့နောက် အပြင်အဆင်အားလုံးကို "ကြီးသောအသင်းတော်ကြီး"အတွက် ပြန်လည်ဖန်ဆင်းမည်ဖြစ်သည်။ ထိုအသင်းတော်ကြီးတွင် နာဇရက်မြို့သားယေရှု ရှိနေမည်ဖြစ်သည်။ သို့သော် ဘုန်းကျက်သရေနှင့်ပြည့်ဝသော သခင်ဘုရားအနေနှင့်ဖြစ်ပါမည်၊ သူက သီချင်းဆိုခြင်းကို ဦးဆောင်ပေးပါမည်။

သူက သင်နှင့်ကျွန်ုပ်ကို ဘုရားသခင်အား ချီးမွမ်းခြင်းသီချင်း သင်ပေးလိမ့်မည်။

ကျွန်တော့်ညီအကိုခင်ဗျား၊ ထိုအရာသည် ကောင်းကင်ဘုံဖြစ်ပါသည်။

၎င်းသည် မောရှေနှင့်သိုးသငယ်၏သီချင်းက သီဆိုသောသီချင်းဖြစ်သည်။

ယုဒ၊ တကယ့်အဓိပ္ပါယ်မှန်သည် ထာဝရပင် ပြည့်စုံသွားပါတော့မည်။

(O Taste and See, Meditation from Psalms, by Gerrit Vos (1894-1968) **စာအုပ်မှ ဘာသာပြန်ပါသည်**)

++++++++++++++++++++++++++++++++++++++++

<u>**သီဩလော်ဂျီကဏ္ဍ**</u>

## ဘုရားသခင်၏ ထူးကဲသာလွန်မြင့်မားသူဖြစ်ခြင်းအကြောင်း

(God's Transcendence)

ဒေးဗင်ဝါဒကိုဆန့်ကျင်လျှက် ဘုရားသခင်၏ အချိန်နှင့်စကြဝဠာအတွင်းနေထိုင်သူဖြစ်ခြင်း(immanent) အမှန်တရားကို ထိန်းသိမ်းရမည်ဖြစ်သလို၊ ပဲသေးဗင်ဝါဒ၏ ပုံသဏ္ဍာန်မျိုးစုံကို ဆန့်ကျင်လျှက် ဘုရားသခင်၏ ထူးကဲသာလွန်မြင့်မားသူဖြစ်ခြင်း (transcendence)အမှန်တရားကိုလည်း ထိန်းသိမ်းရန် အရေးကြီးလှပါသည်။ ထူးကဲသာလွန်မြင့်မားခြင်း ဆိုသောစကားလုံးကို ဘုရားသခင်နှင့်ဆက်နွယ်၍သုံးသောအခါ ၎င်း၏ အဓိပ္ပါယ်အတိအကျကို အနက်ဖွင့်ရန် ခက်ပါသည်။ တွေးခေါ်ရှင် ကန့် ၏လက်ထက်မှစ၍ ထိုစကားလုံးသည် ဗီလိုဆိုဗီနှင့်ဆိုင်သောအသုံးပြုမှုတွင် အတော်ကလေး တာသွားခဲ့ပါသည်။ ၎င်းစကားလုံးကို တခါတရံ လူသား၏နားလည်နိုင်စွမ်း ဟိုဖက်ရောက်သွားသော စိတ်ကူးယဉ်မှုများအတွက် အသုံးပြုပါသည်။ ထို့ကြောင့် မသိနိုင်သောအရာနှင့်တတန်းတစားတည်း ဖြစ်သွားရပါသည်။ တခါတရံ ထိုစကားလုံးကို လူသား၏အားလုံးသောအသိပညာ၏ အတွေ့အကြုံရှေ့(a priori)အကြောင်းအရာကို ရည်ညွှန်း၍လည်း သုံးတတ်ပါသည်။

သို့သော် သီဩလောဂျီတွင် ထို "ထူးကဲသာလွန်မြင့်မားခြင်း"စကားလုံးကို ဘုရားသခင်၏ ဖန်ဆင်းခံအားလုံးတို့ထက် မြင့်မားနေမှုအခြေအနေကို ဖေါ်ပြရန်အတွက် သုံးပါသည်။ နှိုင်းယှဉ်မှုအရ မြင့်မားခြင်းမဟုတ်ပါ၊ အကြွင်းမဲ့သီးသန့် မြင့်မားမှုကို ဆိုလိုပါသည်။ ဘုရားသခင်၏ အချိန်နှင့်စကြဝဠာအတွင်း နေထိုင်သကဲ့သို့ဖြစ်ပါသည်၊ ဘုရားသခင်သည် ကမ္ဘာထဲတွင် ရှိနေသည်၊ ကမ္ဘာကြီးနှင့်ဆက်နွယ်နေသည်၊ ထိုသို့ပင် ဘုရားသခင်၏ ထူးကဲသာလွန်မြင့်မာခြင်းက သူသည် အကန့်မဲ့အနန္တဖြစ်မှုနှင့် ကမ္ဘာကြီး ၏အထက်၌ မြင့်မားစွာရှိနေတော်မူသည်ဟု ဖေါ်ပြနေပါသည်။ သူ၏အကန့်သတ်မဲ့အနန္တမှုတော်မူခြင်းနှင့် ကမ္ဘာကြီးအကြားတွင် ကျော်ဖြတ်၍မရသော ကွာဟမှုကြီး ရှိနေပါသည်။ သူသည် ဘုရားသခင်ဖြစ်သည်။ သူသည် အကြွင်းမဲ့ဖြစ်တော်မူသည်။ သူသည် ဖြစ်တည်မှုအားလုံးထက်၊ ဖန်ဆင်းခံအားလုံးတို့နှင့်ဆက်နွယ်မှုအားလုံးထက် ထူးကဲသာလွန်မြင့်မားသူဖြစ်သည်။

ဘုရားသခင်၏အမည်များနှင့်ဂုဏ်လက္ခဏာများအကြောင်း ပြောဆိုကြချိန်တွင် ကျွန်တော်တို့သည် သူ၏ထူးကဲသာလွန်မြင့်မားမှု အကြောင်းကို ထပ်ခါတလဲလဲ ပြောဆိုကြရဦးမည်ဟု ကြိုတင်သဘောပေါက်စရာလိုပါမည်။ ထို့ကြောင့်၊ ယခုအချိန်တွင်၊ ထိုစကားလုံး၏ ယေဘုယျအနက်အဓိပ္ပါယ်အကြောင်းလောက်ကိုသာ ဆွေးနွေးကြပါမည်။ ဘုရားသခင်အား ဖန်ဆင်းထားသည့်ကမ္ဘာလောကကြီး၏ အပြင်ဖက်၌ နေရာအားဖြင့်သော်၎င်း၊ အချိန်အားဖြင့်သော်၎င်း ရှိနေသလို ပြောကြသော ဘုရားသခင်၏ထူးကဲသာလွန်မြင့်မားခြင်းကို မှားယွင်းစွာသင်နေကြသည့် အိုင်ဒီယာအမှားများကို သတိထားရပါမည်။ ဘုရားသခင်၏ အချိန်နှင့်စကြဝဠာအတွင်းရှိနေမှုမှ ခွဲထုတ်ကာ ထိုသို့သင်ပေးခြင်းသည် မှားယွင်းပါသည်။ ထိုမှားယွင်းသောအိုင်ဒီယာအရဆိုလျှင်၊ ကျွန်တော်တို့သည် အကန့်သတ်မဲ့ဆွဲဆန့်ထားသော စကြဝဠာကိုသာရရှိကြလျှက်၊ ထိုအနန္တဆွဲဆန့်ထားသောစကြဝဠာတွင် ဘုရားသခင်ကို နေရာပေးရမည့်ပုံဖြစ်နေပါသည်။ နေရာနှင့်ပတ်သက်၍လည်း၊ ဘုရားသခင်သည် တစိတ်တပိုင်းအားဖြင့် အကန့်အသတ်ရှိသော ကျွန်တော်တို့

ကမ္ဘာကြီးတွင် ရှိနေကာ၊ တစိတ်တပိုင်းအားဖြင့် ထိုနေရာ၏အပြင်ဖက် အဆုံးသတ်မဲ့ဆွဲဆန့်ထားသောနေရာ၌ ရှိနေသလိုမျိုး ဖြစ်နေပါမည်။

ဘုရားသခင်၏အချိန်နှင့်စကြဝဠာအတွင်းနေထိုင်မှု၊ အားလုံးထက် ထူးကဲသာလွန်မြင့်မားမှု ထိုအမှန်တရားနှစ်ခုတို့၏ ဆက်နွယ်မှုကို ထိုကဲ့သို့ မှားယွင်းစွာသင်ကြသော အိုင်ဒီယာတို့၏ အဓိကအမှားမှာ၊ နေရာ(space)ဆိုသောအရာကို ဘုရားသခင်၌ ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်။ ထိုအချက်သည် မဖြစ်နိုင်သောကိစ္စဖြစ်သည်။ နေရာ ကိုယ်၌က ဖန်ဆင်းခံတမျိုးဖြစ်သည်။ ဘုရားသခင်သည် ကျွန်တော်တို့၏'နေရာ'ဆိုသည့်အရာ၏ အပြင်ဖက်၌သာရှိသည်မဟုတ်ပါ၊ သူသည် ထို'နေရာ'ဆိုသောအရာ၏ အနှစ်သာရ၏ အထက်၌ ထူးကဲသာလွန်မြင့်မားစွာ ရှိနေပြန်ပါသည်။ ဆိုလိုချင်သည်မှာ 'နေရာ'ဆိုသောအိုင်ဒီယာသည် ဘုရားသခင်နှင့် ဘယ်လိုမှဆက်စပ်၍မရပါဟူ၍ဖြစ်သည်။ ဘုရားသခင်၏ အချိန်နှင့်စကြဝဠာထဲရှိနေတော်မူခြင်း၏ အဓိပ္ပါယ်မှာ သူ၏ဖြစ်တည်နေခြင်း၏ တစိတ်တပိုင်းသည် ဤစကြဝဠာထဲတွင် ရှိနေသည်ဟု မယူဆကြရပါ၊ ထို့အတူ သူ၏ ထူးကဲသာလွန်မြင့်မားခြင်းကိုလည်း အဆုံးမဲ့နေရာများ၌ သူ၏ရှိနေခြင်းကို အကန့်အသတ်မဲ့ ဆွဲဆန့်ခြင်းဖြစ်သည်ဟု မယူဆရပါ။ ဘုရားသခင်၏ အချိန်နှင့်စကြဝဠာထဲတွင်ရှိနေခြင်းက၊ သူသည် စကြဝဠာထဲတွင်၊ အစိတ်အပိုင်းတိုင်း၌၊ ဆက်နွယ်မှုတိုင်း၌၊ တဒင်္ဂခဏတိုင်း၌ အပြည့်အဝပင် သူ၏ အကန့်သတ်မဲ့ အနန္တအနှစ်သာရဖြင့် ရှိနေတော်မူကြောင်း ဖေါ်ပြနေသလို၊ သူ၏ ထူးကဲသာလွန်မြင့်မားမှုကလည်း ဘုရားသခင်သည် သူ၏အနှစ်သာရအားလုံးဖြင့် ကမ္ဘာလောကကြီးအထက်၌၊ အရာအားလုံး၏အထက်၌ ရှိနေတော်မူသည်ဟု ပြောပြနေပါသည်။ ၎င်းတို့၏ဖြစ်ပျက်မှု တဒင်္ဂခဏများ၊ ဆက်နွယ်မှုများအားလုံးတို့၏ အပေါ်၌ ဖြစ်ပါသည်။

အချိန်ထဲတွင်ရှိနေသော စကြဝဠာနှင့်ဆက်နွယ်မှု၌လည်း ထို့အတူဖြစ်ပါသည်။ ကျွန်တော်တို့သည် ကျွန်တော်တို့ထံ ရှိနေသော အချိန်ကို အချိန်အားလုံးတို့၏ အစိတ်အပိုင်းတခုဟု အမြဲတမ်း ထင်ချင်ကြပါသည်။ ဆိုလိုသည်မှာ အတိတ်ကာလမှနေ၍ အနာဂတ်ထိတိုင်အောင် အဆုံးသတ်မဲ့ ဆွဲဆန့်ထားသောအချိန်၏ အစိတ်အပိုင်းဟု ထင်နေကြခြင်းကို ဆိုလိုပါသည်။ ထိုသို့ဆိုလျှင် ဘုရားသခင်၏ အချိန်နှင့်စကြဝဠာထဲရှိနေခြင်း ဆိုသည်မှာ သူသည် စကြဝဠာကြီး၏အချိန်၌ တစိတ်တပိုင်းသာရှိပါသည်ဟု ဆိုရာရောက်ပါမည်။ ကမ္ဘာဦးကျမ်းမှ စတင်သောအချိန်ကို ခရစ်တော်၏နေ့အထိ ဆွဲဆန့်ထားသောအချိန်၏အကြားကို ဆိုလိုခြင်းဖြစ်သည်။ တချိန်တည်းတွင် သူ၏ ထူးကဲသာလွန်မြင့်မားခြင်းက သူသည် အချိန်ထဲတွင် အကန့်သတ်မဲ့စွာ ဖြစ်တည်နေတော်မူသည်ဟု ပြောလာပါတော့မည်။ သတိပြုရမည်မှာ ထိုသို့ပြောနေခြင်းမျိုး၏ အဓိပ္ပါယ်မရှိနိုင်ခြင်းကိုဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် အချိန်ဆိုသည်မှာ ဖန်ဆင်းခံသတ္တဝါတမျိုးဖြစ်ပါသည်။ ဖန်ဆင်းရှင်ဘုရားသခင်ထံ မည်သည့်နည်းလမ်းနှင့်မျှ ထည့်တွက်၍မဖြစ်နိုင်ပါ။ သူ၏ အချိန်နှင့်စကြဝဠာအတွင်းရှိနေခြင်းက သူ၏ဖြစ်တည်မှု၏ တစိတ်တပိုင်းသည် အချိန်ထဲတွင် ရှိနေပါသည်ဟု မဆိုလိုပါ၊ အဘယ့်ကြောင့်ဆိုသော် သူသည် မပြောင်းလဲနိုင်သူဖြစ်ပါသည်။ ထိုမှဆန့်ကျင်လျှက် ပြောချင်သည်မှာ ဘုရားသခင်သည် သူ၏အနန္တဖြစ်တည်မှု အပြည့်အဝတခုလုံးအားဖြင့် အချိန်၏တဒင်္ဂခဏတိုင်းတွင် ရှိနေတော်မူသည်ဟူ၍ဖြစ်သည်။ တချိန်တည်းတွင် သူ၏ ထူးကဲသာလွန်မြင့်မားခြင်းက သူသည် အချိန်အားလုံး၏အထက်၌၊ အချိန်၏တဒင်္ဂခဏတိုင်း၏အထက်၌ လိုအပ်စွာ အဆင့်မြင့်စွာ တည်ရှိနေသူဖြစ်သည်ဟု ဆိုလိုနေပါသည်။ ဘုရားသခင်သည် ထာဝရဖြစ်သည်။ သူသည် ဘုရားသခင်ဖြစ်တော်မူပါသည်။

မှန်ပါသည်၊ ကျမ်းစာက မကြာခဏ ဘုရားသခင်သည် အချိန်နှင့်နေရာနှစ်မျိုးစလုံးတွင် အကန့်သတ်မဲ့စွာ ဆွဲဆန့်တည်ရှိနေသည်ဟု ကျွန်တော်တို့က တွေးထင်ရအောင် ဖေါ်ပြတတ်ပါသည်။ ကောင်းကင်ဘုံသည် သူ၏နေထိုင်ရာ နေရာမှန်ဟု ပြောလေ့ရှိပါသည်၊– "ဘုရားသခင္သည္ ေကာင္းကင္ဘ၀ဂ္ေပၚမသာရလိေတာ္မူသည္ မဟုတ္ေလာ။ ၾကယ္တို႔သည္ အဘယ္မွ်ေလာက္ျမင့္ၾကသည္ တကား။" (ယောဘ ၂၂း၁၂)။ မြေကြီးနှင့်ခြားနားလျှက် ကောင်းကင်သည် သူ၏ပလ္လင်ဖြစ်သည်ဟု ဖေါ်ပြပါသည်၊ (ဟေရှာ ၆၆း၁၊ မဿဲ ၅း ၃၄၊ တမန် ၇း၄၉)။ "ငွါတို႔၏ ဘုရားသခင္သည္ ေကာင္းကင္ဘုံ၌႐ွိေတာ္မူ၏။ အလိုေတာ္႐ွိသမွ် အတိုင္းျပဳေတာ္မူ၏။"(ဆာလံ ၁၁၅း၃)။ ဘု ရားသခင်ကို "ကောင်းကင်ဘုံ၌ ရှိတော်မူသောအဖ"ဟုခေါ်ရန် ကျွန်တော်တို့ကို သင်ပေးပါသည် (မဿဲ ၆း၉)။ သို့သော် ကောင်း ကင်သည်၎င်း၊ ကောင်းကင်တို့၏ ကောင်းကင်သည်၎င်း သူ့အတွက် မဆံ့နိုင်ပါ (၃ရာ ၈း၂၇၊ ၆ရာ ၂း၆)။ တခါတရံ ဘုရားသခင် သည် ကောင်းကင်တွင်ရှိကာ၊ မြေကြီးပေါ်တွင် မရှိသလိုမျိုးလည်း ဖေါ်ပြတတ်ပါသည်၊– "ဘုရားသခင္သည္ ေကာင္းကင္ဘုံ၌ ႐ွိေတာ္မူ ၏။ သင္သည္ေျမႀကီးေပၚမွာ႐ွိ၏။ ထို႔ေၾကာင့္သင္၏စကားမမ်ားေစႏွင့္။" (ဒေသနာ ၅း၂)။

ထိုကျမ်းပိုဒ်အားလုံးကိုကြည့်လျှင်၊ ဘုရားသခင်သည် ကျွန်တော်တို့၏အထက် အလွန်မြင့်သောကောင်းကင်အထပ်ထပ်၌ နေတော်မူသည်ဟု နိဂုံးချုပ်နိုင်ပါမည်။ သို့သော် သူသည် ဖန်ဆင်းထားသောစကြဝဠာနှင့်အာကာသထဲတွင်သာ ဖြစ်နေပါဦးမည်။ တချိန်ထဲတွင် သူ၏အနှစ်သာရမှာ ကောင်းကင်အထပ်ထပ် ရောက်နိုင်သမျှဝေးဆုံး၏ ဟိုမှာဖက်တွင်၊ စကြဝဠာ၏အပြင်ဖက်သို့၊ အဆုံးသတ်မဲ့အာကာသသို့ ဆွဲဆန့်ထားသလို ထင်နေရပြန်ပါသည်။ အချိန်နှင့်ဘုရားသခင်၏ဆက်နွယ်မှုသည်လည်း ထိုသို့ပင်ဖြစ်ပါသည်။ "ေတာင္မ်ားကိုမေဘာ္၊ ေျမႀကီးစသည့္ေလာကဓာတ္ကို ဖန္ဆင္းေတာ္မမူမွီ၊ ကိုယ္ေတာ္သည္ ေရွးကမၻာအဆက္ဆက္မွသည္ ေနာက္ကမၻာ အ ဆက္ဆက္တိုင္ ေအာင္ ဘုရားသခင္ျဖစ္ေတာ္မူ၏။"ဟူ၍သာဖတ်ရသည်မဟုတ်ပါ(ဆာလံ ၉၀း၂)၊ မကြာခဏပင် ဘုရားသခင်သည် အမြဲတမ်း ပြောင်းလဲနေသော အချိန်၏ပြကွင်းပြကွက်များနှင့်အတူ/အထဲ၌ ပြောင်းလဲနေပါသည်ဟု ထင်ရစေသောကျမ်းပိုဒ်များကို လည်း ဖတ်ရလေ့ရှိပါသည်။ သူ၏ထာဝရအကြံအစည်တော်သည် ကမ္ဘာလောက၏ အခြေခံအုတ်မြစ်များကို မချမှတ်မီ အချိန်ကာလ တရပ်၌ ဖြစ်ခဲ့သို့ ကျမ်းစာကပြောပြပါသည်။ ကျွန်တော်တို့သိရမည်မှာ ထိုသို့သော ကျမ်းစာ၏ဖေါ်ပြချက်များအားလုံးသည် အဲန်သ ရိုပိုမော်ဖီဇင်(လူသား၌ရှိသောလက္ခဏာများကို ဘုရားသခင်ထံရှိနေဟန် တင်စားမှု)ဖြစ်ပါသည်။

ဘုရားသခင်၏ လုံးဝခြားနားနေမှု(wholly otherness)ကို ကောင်းမွန်စွာဖေါ်ပြနိုင်သော လူသားဘာသာစကား မရှိပါ။ "ထူးကဲသာလွန်မြင့်မားမှု"(transcendence = ထရန်ဆဲန်းဒဲန့်စ်)ဆိုသောစကားလုံးကိုယ်၌ကလဲ "အဲန်သရိုပိုမော်ဖီးဇင်"စကားလုံး ဖြစ်နေပါသည်။ ထိုသို့ပြောသောကြောင့် သီဩလော်ဂျီတွင် ဘုရားသခင်၏ထူးကဲသာလွန်မြင့်မားမှု/ထရန်ဆဲန်းဒဲန့်စ်ကို အချိန်နှင့်နေရာသည် ဘုရားသခင်နှင့်သက်ဆိုင်ပါသည်ဟု အနက်ဖွင့်ဆို၍မရပါ။ ဟိုက်ဒဲလ်ဘာ့ဂ်အမေးအဖြေကပင် ထိုသို့သောအတွေးမျိုးမဖြစ်ပေါ်ရအောင် သေချာစွာသတိထားဖွင့်ဆိုပါသည်၊ ပဋ္ဌနာဆုတောင်းကို ရှင်းပြချိန်၌ဖြစ်ပါသည်၊ ဤသို့မေးထားပါသည်၊ မေး – ***"ကောင်းကင်ဘုံ၌ရှိတော်မူသော"***ဆိုသည်ကို အဘယ်ကြောင့်ဤနေရာ၌ ထပ်မံထည့်သွင်းထားပါသနည်း? ဖြေ – ဘုရားသခင်၏ ကောင်းကင်နှင့်ဆိုင်သော ကြီးမြတ်တော်မူခြင်းကို ကျွန်ုပ်တို့က မြေကြီးနှင့်ဆိုင်သောစိတ်ကူး ကြံစည်မည်ဆိုး၍ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့သည် ခန္ဓာနှင့်ဝိညာဉ်အတွက် လိုအပ်သမျှကို ဘုရားသခင်၏အနန္တတန်ခိုးမှနေ၍ ရရှိမည်ဟုမျှော်လင့်ရန်ဖြစ်သည်။

ထို့ကြောင့် ဘုရားသခင်၏ထူးကဲသာလွန်မြင့်မားခြင်းကို တွေးခေါ်သည့်အခါ၊ ၄င်းက ရည်ညွှန်းသည်မှာ၊– "ဖန်ဆင်းခံအားလုံးတို့နှင့်ဆက်နွယ်၍ ထားရှိသည့်၊ ဘုရားသခင်၏ အကြွင်းမဲ့ဖြစ်သော၊ အနန္တဖြစ်သော သူ၏အဖြစ်တော်၏သာလွန်ခြားနားမှု"ဖြစ်ပါသည်။ ၄င်းက ဖန်ဆင်းခံများအားပေး၍မရသည့် ဘုရားသခင်၏ခြားနားသောဂုဏ်လက္ခဏာအချို့တို့ကိုသာ ရည်ညွှန်းသည်မဟုတ်ပါ၊ ဘုရားသခင်၏အနှစ်သာရအားလုံးကို၄င်း၊ သူ၏ဂုဏ်လက္ခဏာအားလုံးကို၄င်း ရည်ညွှန်းပါသည်။

အထူးသဖြင့် ဘုရားသခင်၏ဖန်ဆင်းခံတို့အားပေး၍မရသော(incommunicable)ဂုဏ်လက္ခဏာတို့အကြောင်း ပြောဆိုကြသည့်အခါ၊ သီဩလော်ဂျီသည်၊ ဘုရားသခင်၏ ထူးကဲသာလွန်မြင့်မားခြင်းကို ထည့်သွင်းစဉ်းစားကာ ပြောဆိုကြလေ့ရှိပါသည်။ ဘဲလ်ဂျစ်ခံယူယုံကြည်ချက်က စာပိုဒ်(၁)တွင် ဤသို့ ညွှန်းဆိုပါသည်၊– "ရုပ်ထွေးခြင်းမရှိသော၊ ဝိညာဉ်ဖြစ်တော်မူသော၊ ဘုရားသခင်ဟုခေါ်သည့်ဘုရား တဆူတည်းသာရှိ၏ဟု၊ ကျွန်ုပ်တို့အားလုံးသည် စိတ်နှလုံးဖြင့်ယုံကြည်ကြ၍ နှုတ်ဖြင့်ဝန်ခံကြပါ၏။ ထိုဘုရားသခင်သည် ထာဝရဖြစ်တော်မူ၏၊ သူ၏အကြောင်းကို သိ၍မကုန်နိုင်ဖြစ်တော်မူ၏၊ မျက်မြင်မရဖြစ်တော်မူ၏၊ ပြောင်းလဲခြင်းမရှိသူဖြစ်တော်မူ၏၊ ပြည့်စုံသော ဉာဏ်ပညာတော်၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းတို့ကို ပိုင်ဆိုင်တော်မူ၏။ ထို့အပြင် ကောင်းမြတ်ခြင်းများအားလုံး ကြွယ်ဝစွာ စီးဆင်းထွက်လာသည့် စမ်းရေပေါက်ဖြစ်တော်မူ၏။"

ဘုရားသခင်၏ ဖန်ဆင်းခံတို့ထံ ပေး၍မရသော ဂုဏ်လက္ခဏာများကို ပေး၍ရသော ဂုဏ်လက္ခဏာများမှနေ၍ ခွဲခြားပစ်၍မရနိုင်ပါ။ နောက်တမျိုးပြောရလျှင်၊ ဘုရားသခင်၏ ဖန်ဆင်းခံတို့ထံ ပေး၍မရသော ကောင်းမြတ်ခြင်းများ (သို့) ပြည့်စုံခြင်းများကို ဖန်ဆင်းခံတို့ထံပေး၍ရသော အရည်အချင်းများအတွက်လည်း မှတ်ယူရမည်ဟု ပြော၍ရနိုင်ပါသည်။ ဘုရားသခင့်ထံတွင် အချို့သော ဂုဏ်လက္ခဏာများသည် ထာဝရ၊ သိ၍မကုန်နိုင်၊ မျက်မြင်မရ၊ အကန့်သတ်မဲ့၊ အနန္တတန်ခိုးနှင့်ပြည့်ဝလျှက်၊ အချို့သော ဂုဏ်လက္ခဏာများမှာ ခဏတဖြုတ်၊ ကုန်စင်အောင်သိနိုင်၊ မြင်၍ရ၊ အကန့်အသတ်နှင့်ဖြစ်ကြသည် ဆိုသည်မျိုး လုံးဝမရှိပါ။ သူ၏ စိတ်၊ အလိုဆန္ဒ၊ တန်ခိုးတို့၏ ကောင်းမြတ်ခြင်းများသည်လည်း ဖန်ဆင်းခံတို့ထံ ပေး၍မရသော ဂုဏ်လက္ခဏာများနည်းတူ အကြွင်းမဲ့၊ အကန့်သတ်မဲ့ထာဝရ ဖြစ်ကြပါသည်။

ထို့ကြောင့် ဘုရားသခင်၏ ထူးကဲသာလွန်မြင့်မားခြင်း ဆိုသည်မှာ သူသည် သူ့ကိုယ်သူထဲ၌၊ သူ၏ပြည့်စုံခြင်းအားလုံးထဲ၌ သာလွန်ခြားနားသောသူဖြစ်ပါသည်၊ သူသည် ပတ်ဝန်းကျင်ရိုက်ခတ်မှုအတိုင်း ပြောင်းနေကြသော အရာများအားလုံးနှင့် အကြွင်းမဲ့ခြားနားပါသည်၊ သူသည် အကန့်အသတ်နှင့်ဖြစ်သော ဖြစ်တည်မှုများနှင့်ခြားနားစွာ အချိန်မဲ့ပုဂ္ဂိုလ်(timeless)၊ နေရာမဲ့ပုဂ္ဂိုလ်(space- less) ဖြစ်ပါသည်။ အခြားအရာတခုခုကို မှီခိုဖြစ်တည်ကြရသည်များနှင့် ခြားနားစွာ ရိုးရှင်းလှသူ(pure)၊ မိမိကိုယ်ကိုဖြစ်တည်လာသူ (self-existence)ဖြစ်သည်။ အမြဲတမ်းပြောင်းလဲနေကြသော ဖန်ဆင်းခံများနှင့်ခြားနားစွာ၊ ပြောင်းလဲခြင်းမရှိသူ ဖြစ်တော်မူပါသည်။ စကြဝဠာအတွင်းရှိ များပြောင်လှသော မျိုးစုံမှုနှင့်ခြားနားစွာ၊ တဆူတည်းသော ဘုရားသခင်ဖြစ်ပါသည်။ အချိန်နှင့်စကြဝဠာအတွင်း ရှိနေခြင်းဖြင့်၊ ကျွန်တော်တို့နှင့် အလွန်နီးနေသူဖြစ်သလို၊ သူ၏ ထူးကဲသာလွန်မြင့်မားမှုဖြင့် ကျွန်တော်တို့ထံမှ အလွန်ဝေးသောသူ ဖြစ်နေပြန်ပါသည်။ ဖန်ဆင်းထားသောအရာများအားလုံးနှင့် တိုက်ရိုက်ဆက်ဆံရာတွင် သူ၏ ကိုယ်ပိုင်အလိုဆန္ဒအားဖြင့် ရပ်တည်ပါသော်လည်း၊ ဘုရားသခင်သည် မိမိကိုယ်မိမိထဲတွင် အကြွင်းမဲ့ ကျန်ရှိနေတော်မူပါသည်။ ကျွန်တော်တို့နှင့်တူနေပါသော်လည်း၊ သူသည် "လုံးဝခြားနားသူ"ဖြစ်ပါသည်။ သူသည် ဘုရားသခင်ဖြစ်တော်မူပါသည်။

(Reformed Dogmatic Vol. 1, by Herman Hoeksema (1885-1965) **စာအုပ်မှ ဘာသာပြန်ပါသည်)**

××××××××××××××××××××××××××××××××××××××××××××××××

<u>**ကျမ်းစာဘာသာပြန်ကဏ္ဍ**</u>

**သုတ္တံ ၂၉း၁–၂၉ (ကျိန်းဘုရင်မူ)**

**၁ – မကြာခဏ ပြစ်တင်ဆုံးမခြင်း ခံရသော်လည်း မိမိ၏လည်ပင်းကို ခိုင်မာစေသူသည် ချက်ခြင်း ခြေမှုန်းခြင်းခံရမည်၊ ကုစား၍မရတော့အောင်ဖြစ်မည်။**

**၂ – ဖြောင့်မတ်သူတို့ အခွင့်အာဏာရှိသူများဖြစ်လာကြသော်၊ လူထုသည် ဝမ်းသာကြပါသည်၊ သို့သော် ဆိုးညစ်သူများ အုပ်စိုးကြသောအခါ၊ လူထုသည် ဝမ်းနည်းပူဆွေးကြပါသည်။**

၃ – ဉာဏ်ပညာကို ချစ်သောသူတိုင်း သူ၏ဖခင်ကို ဝမ်းမြောက်စေသည်၊ သို့သော် ပြည့်တန်ဆာတို့နှင့် အပေါင်းအသင်းလုပ်သူမှာမူ သူ၏ဉစ္စာများကို သုံးဖြုန်းပစ်သူဖြစ်သည်။
၄ – ရှင်ဘုရင်သည် တရားစီရင်ခြင်းဖြင့် နိုင်ငံကို တည်ထောင်ပါသည်၊ သို့သော် လက်ဆောင်များကို လက်ခံရယူသူက တရားစီရင်ခြင်းကို မှောက်လှန်ပစ်ပါသည်။
၅ – မိမိအိမ်နီးချင်းကို မြှောက်ပင့်သူသည် သူ့ခြေအတွက် ပိုက်ကွန်ကို ဖြန့်သူဖြစ်သည်။
၆ – ဆိုးညစ်သူ၏အပြစ်ကျူးလွန်ခြင်းတွင် ထောင်ချောက်ရှိသည်၊ သို့သော် ဖြောင့်မတ်သူမှာမူ သီချင်းဆိုလျက်၊ ဝမ်းမြောက်လျက်ရှိပါသည်။
၇ – ဖြောင့်မတ်သူသည် ဆင်းရဲသား၏ကိစ္စကို တွေးတောပေးပါသည်၊ သို့သော် ဆိုးညစ်သူကမူ ထိုအကြောင်းသိဖို့ကို အလေးမထားပါ။
၈ – အထင်သေးအရေးမစိုက်သောလူတို့က မြို့တော်ကို ထောင်ချောက်ထဲ ရောက်စေပါသည်၊ သို့သော် ပညာရှိတို့က အမျက်ဒေါသကို လမ်းလွှဲပေးပါသည်။
၉ – အကယ်၍ ပညာရှိသူက မိုက်မဲသူနှင့် ယှဉ်ပြိုင်လျှင်၊ သူ ဒေါသထွက်သည်ဖြစ်စေ၊ ရယ်မောသည်ဖြစ်စေ၊ အနားရမည်မဟုတ်ပါ။
၁၀ – သွေးဆာနေသူက ဖြောင့်မှန်သူကို မုန်းသည်၊ သို့သော် ဖြောင့်မှန်သူသည် သူ၏ဝိညာဉ်ကို ရှာဖွေပါသည်။
၁၁ – မိုက်မဲသူသည် သူ၏စိတ်ထဲမှ ရှိသမျှကို ပြောဆိုပါသည်၊ သို့သော် ပညာရှိကမူ ၎င်းကို ပြီးသည်အထိ စောင့်ထိန်းပါသည်။
၁၂ – အကယ်၍ ခေါင်းဆောင်က လိမ်ညာခြင်းများကို နားထောင်သည်ဆိုလျှင်၊ သူ၏ကျွန်အားလုံးသည် ယုတ်မာသူများဖြစ်ကြသည်။
၁၃ – ဆင်းရဲသားနှင့်လိမ်ညာတတ်သူတို့ အတူတူတွေ့ကြသည်၊ ဘုရားသခင်က သူတို့နှစ်ဦးစလုံး၏ မျက်လုံးများကို အလင်းပေးပါသည်။
၁၄ – ဆင်းရဲသားတို့ကို သစ္စာရှိစွာ တရားစီရင်သူဘုရင်၏ ပလ္လင်သည် ထာဝရတည်မြဲလိမ့်မည်။
၁၅ – ကြိမ်လုံးနှင့်ဆုံးမပြစ်တင်ခြင်းက ဉာဏ်ပညာကို ပေးသည်၊ သို့သော် သူ့ဘာသာသူနေဖို့ ထားထားသောကလေးက သူ့မိခင်ကို အရှက်ရစေသည်။
၁၆ – ဆိုးယုတ်သူတို့ များပြားကြသောအခါ၊ အပြစ်ကျူးလွန်ခြင်းများ တိုးပွားလာပါသည်၊ သို့သော် ဖြောင့်မတ်သူတို့က ၎င်းတို့၏ကျဆုံးခြင်းကို မြင်ရလိမ့်မည်ဖြစ်သည်။
၁၇ – သင့်သားကို မှန်အောင် ပြင်ပေးပါ၊ သူက သင့်ကို အနားရစေလိမ့်မည်၊ မှန်သည်၊ သူက သင့်ဝိညာဉ်အား ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ပေးလိမ့်မည်ဖြစ်သည်။
၁၈ – ဗျာဒိတ်ဖွင့်ပြချက် မရှိသောအခါ၊ လူထုသည် ပျက်စီးကြသည်၊ သို့သော် ပညတ်တော်ကို စောင့်ထိန်းသူသည် ပျော်ရွှင်ရမည်။
၁၉ – အစေခံကျွန်ကို စကားလုံးတို့ဖြင့် အမှန်ပြင်ပေး၍မရနိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် သူ နားလည်လျှင်လည်း ပြန်၍အဖြေပေးလိမ့်မည် မဟုတ်။
၂၀ – မိမိစကားလုံးတို့ကို အလျှင်စလို ပြောတတ်သူကို သင်တွေ့ပါသလော? ထိုသူ့ထံတွင်ထက် လူမိုက်ထံတွင် မျှော်လင့်ချက် ရှိပါသေးသည်။
၂၁ – ကလေးဘဝမှနေ၍ မိမိအစေခံကျွန်ကို နူးညံ့သိမ်မွေ့စွာထိန်းသိမ်းလျက် ကြီးပြင်းစေသူသည်၊ သူ့ကို အရှည်တွင် မိမိသားဖြစ်လာစေပါမည်။
၂၂ – စိတ်ဆိုးနေသူက ရန်ဖြစ်ခြင်းကို လှုံ့ဆော်သည်၊ အမျက်ခြောင်းခြောင်းထွက်နေသူကလည်း အပြစ်ကျူးလွန်ခြင်းများကို တိုးပွားစေပါသည်။
၂၃ – လူတဦး၏မာနက ၎င်းကို နိမ့်ကျစေလိမ့်မည်၊ သို့သော် ဂုဏ်ပြုခံရခြင်းက ဝိညာဉ်၌နှိမ့်ချသူကို မြင့်မားစေလိမ့်မည်။
၂၄ – သူခိုးနှင့်အစုစပ်ဝင်သူသည် မိမိ၏ဝိညာဉ်ကို မုန်းသူဖြစ်သည်၊ သူသည် ကျိန်ခြင်းကိုကြားရမည်၊ သို့သော် ၎င်းကို မဖော်ပြဘဲနေရပါမည်။
၂၅ – လူ၏ကြောက်ရွံ့ခြင်းက ထောင်ချောက်ကို ဆောင်ယူလာသည်၊ သို့သော် ဘုရားသခင်ကို အားကိုးသူတိုင်းသည် လုံခြုံနေမည်ဖြစ်သည်။
၂၆ – လူအများက အုပ်ချုပ်သူ၏ မျက်နှာသာပေးခြင်းကို ရှာကြသည်၊ သို့သော် လူတိုင်း၏တရားစီရင်ခြင်းသည် ဘုရားသခင့်ထံမှသာ လာပါသည်။
၂၇ – မဖြောင့်မှန်သူသည် ဖြောင့်မှန်သူအတွက် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်၊ ထို့အတူ လုပ်ကိုင်ခြင်းတွင် ဖြောင့်မှန်သူသည်လည်း လူယုတ်မာအတွက် စက်ဆုပ်ရွံရှာဖွယ်ဖြစ်ပါသည်။

××××××××××××××××××××××

၁တိ ၁း၁–၂၀ (ကျိန်းဘုရင်မှ)
၁ – ပေါလ်၊ ငါတို့၏ကယ်တင်ရှင် ဘုရားသခင်နှင့် ငါတို့၏မျှော်လင့်ခြင်းဖြစ်သူ သခင်ယေရှုခရစ်၏ အမိန့်တော်အားဖြင့်၊ ယေရှုခရစ်၏တမန်တော်ဖြစ်သူက၊–

၂ – ယုံကြည်ခြင်း၌ ငါ၏သားစစ်ဖြစ်သူ တိမောသေထံ ရေးလိုက်ပါသည်၊ ငါတို့၏ဖခင် ဘုရားသခင်နှင့် ငါတို့၏သခင် ယေရှုခရစ်ထံမှ ကျေးဇူးတော်၊ ဂရုဏာတော်နှင့်ငြိမ်းချမ်းခြင်း ရှိပါစေသတည်း။
၃ – ငါ မက်စီဒိုးနီးယားပြည်နယ်သို့ ထွက်သွားစဉ်၊ ဧဖက်မြို့၌ နေထိုင်ခဲ့ဖို့ သင့်ကို ငါ တောင်းပန်သည်အတိုင်း နေခဲ့စဉ်၊ သင်သည် အချို့တို့ကို အခြားသောဩဝါဒအား မသင်နှင့်ဟု အမိန့်ပေးလော့၊
၄ – ထို့အပြင် ဒဏ္ဍာရီပုံပြင်များ၊ မဆုံးနိုင်သော ဆွေစဉ်မျိုးဆက်စာရင်းများကိုလည်း ဂရုမစိုက်နှင့် ၎င်းတို့က ယုံကြည်ခြင်း၌ဖြစ်သော ဘုရားတရားကြောက်ရွံ့ရှိသေခြင်းကို မြှင့်တင်ပေးသည်ထက် ငြင်းခုံခြင်းများကိုသာ ဖြစ်ပေါ်စေပါသည်။
၅ – ယခုတွင် ပညတ်တော်၏နိဂုံးချုပ်သည် စင်ကြယ်သောနှလုံးသားမှ၊ ကောင်းမြတ်သော ဩတ္တပ္ပစိတ်မှ၊ ဟန်မလုပ်သော ယုံကြည်ခြင်းမှ ထွက်လာသော ချစ်ခြင်း ဖြစ်ပါသည်၊–
၆ – ထိုနေရာမှ အချို့တို့သည် ကွေ့သွားကြကာ၊ အချည်းနှီးမဲ့ပြောဆိုခြင်းသို့ လွဲသွားကြပါသည်၊
၇ – ပညတ်တော်ကို သင်ပေးသောဆရာများ ဖြစ်ချင်ကြသော်လည်း၊ မိမိတို့ဘာပြောသည်ကို နားမလည်ကြသူများ၊ မိမိတို့က ခိုင်မာစွာ ပြောနေသည်များကို နားမလည်ကြသူများ ဖြစ်ကြပါသည်။
၈ – သို့သော် ပညတ်တော်သည် ကောင်းမြတ်ကြောင်း ငါတို့ သိကြပါသည်၊ အကယ်၍တစုံတဦးက ၎င်းကို မှန်ကန်စွာသုံးလျှင် ဖြစ်သည်၊–
၉ – ဤအချက်ကို သိထားပါ၊ ပညတ်တော်သည် ဖြောင့်မတ်သူအတွက် လုပ်ထားခြင်းမဟုတ်၊ သို့သော် ဥပဒေမဲ့နေသူများနှင့်၊ မနာခံသူများအတွက်၊ ဘုရားတရားမကြောက်ရွံ့မရှိသေသူများနှင့်၊ အပြစ်သားများအတွက်၊ မသန့်ရှင်းသူများနှင့်၊ ဘုရားတရားကို စော်ကားသူများအတွက်၊ ဖခင်တို့ကိုသတ်သူများနှင့် မိခင်တို့ကို သတ်သူများအတွက်၊ လူသတ်သမားများအတွက်၊
၁၀ – မိန်းမလိုက်စားသူများအတွက်၊ လူများနှင့်မိမိတို့ကိုယ်ကို ညစ်ညူးစေသူများအတွက်၊ လူတို့ကို ခိုးသူများအတွက်၊ လိမ်ညာသူများအတွက်၊ မှားသောသက်သေခံသူများအတွက်နှင့်၊ မှန်သောဩဝါဒကို ဆန့်ကျင်သည့် မည်သည့်အကြောင်းအရာအတွက်မဆို လုပ်ထားခြင်းဖြစ်သည်၊–
၁၁ – မှန်သောဩဝါဒဆိုသည်မှာ ကောင်းချီးနှင့်ပြည့်ဝသောဘုရားသခင်၏ ဘုန်းကျက်သရေရှိလှသော ဧဝံဂေလိအတိုင်းဖြစ်သည့် သွန်သင်ခြင်းဖြစ်သည်၊ ၎င်းကို ငါ၏စောင့်ရှောက်မှုသို့ အပ်ထားပါသည်။
၁၂ – ငါသည် ငါ့ကိုစွမ်းဆောင်နိုင်သူဖြစ်စေသော ငါတို့သခင်ခရစ်တော်ယေရှုကို ကျေးဇူးတင်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် ငါ့ကို သစ္စာရှိသူဟု သတ်မှတ်ကာ၊ အမှုတော်ဆောင်ခြင်းထဲ၌ ငါ့ကိုထားရှိတော်မူပါသည်၊–
၁၃ – ငါသည် ယခင်က ဘုရားသခင်ကို စော်ကားသူ၊ ညှဉ်းပန်းနှိပ်စက်သူ၊ ထိခိုက်စေသူဖြစ်ခဲ့သည်၊– သို့သော် ငါသည် ဂရုဏာတော်ကို လက်ခံရရှိခဲ့ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုအရာတို့ကို ငါသည် မသိနားမလည်စွာ မယုံကြည်ခြင်းအားဖြင့် လုပ်ခဲ့၍ဖြစ်ပါသည်။
၁၄ – ထို့နောက် ငါတို့သခင်၏ ကျေးဇူးတော်သည် ခရစ်တော်ယေရှု၌ရှိသည့် ယုံကြည်ခြင်း၊ ချစ်ခြင်းတို့နှင့် အလွန့်အလွန် ပေါကြွယ်ဝနေပါသည်။
၁၅ – ခရစ်တော်ယေရှုသည် အပြစ်သားများကို ကယ်တင်ရန် ကမ္ဘာပေါ်သို့ လာခဲ့သည်ဟု ပြောခြင်းသည် သစ္စာရှိသော ပြောဆိုခြင်းဖြစ်သည်၊ လက်ခံဖို့ရန်လည်း ထိုက်တန်လှပါသည်၊ ထိုသို့ ကယ်တင်ခံရသော အပြစ်သားများထဲတွင် ငါသည် အကြီးဆုံးဖြစ်ပါသည်။
၁၆ – မည်သို့ပင်ဖြစ်ပါစေ၊ ထိုအကြောင်းကြောင့် ငါ ဂရုဏာကို လက်ခံရရှိသည်၊ ထိုသို့ဖြင့် ယေရှုခရစ်သည် ငါ့အထဲတွင် သည်းခံခြင်းအားလုံးကို ဖေါ်ထုတ်ပြသနိုင်ရန်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ယခုချိန်မှစ၍ နောက်ပိုင်းတွင် သူ့အား ယုံကြည်လျှက် ထာဝရအသက်ကို ရသူတိုင်းအတွက် ပုံစံဖြစ်လာဖို့ရန်ဖြစ်သည်။
၁၇ – ယခုတွင် ထာဝရရှင်ဘုရင်ဖြစ်သော၊ ထာဝရရှင်သန်နေသော၊ မျက်မြင်မရဖြစ်သော၊ တပါးတည်းသာပညာရှိတော်မူသော ဘုရားသခင်သည်၊ ထာဝရကာလမှ ထာဝရကာလတိုင် ရှိသေလေးမြတ်ခြင်း၊ ဘုန်းကျက်သရေရှိခြင်းတို့ ရှိပါစေသတည်း။ အာမင်။
၁၈ – ဤတာဝန်ကို ငါသည် သင့်ထံပေးအပ်ပါသည်၊ ငါ့သား တိမောသေ၊ သင့်ရှေ့မှသွားသော ပရောဖက်ပြုချက်အတိုင်း၊ သင်သည် ၎င်းတို့အားဖြင့် ကောင်းမြတ်သောစစ်ပွဲကို တိုက်ရမည်ဖြစ်သည်၊–
၁၉ – ယုံကြည်ခြင်းကို ကိုင်စွဲလျှက်၊ ကောင်းသောဩတ္တပ္ပစိတ်နှင့် တိုက်ရမည်ဖြစ်သည်၊ အချို့တို့သည် ယုံကြည်ခြင်းနှင့် ပတ်သက်သည်များကို စွန့်ပစ်ကြကာ၊ သင်္ဘောပျက်ကြပြီဖြစ်သည်၊–
၂၀ – ၎င်းတို့သည် ဟိုင်မေးနီးယပ်စ်နှင့်အလက်ဇန်းဒါး တို့ဖြစ်သည်၊ သူတို့ကို ငါသည် စာတန်ထံသို့ လွှဲအပ်လိုက်ပြီ၊ ထိုသို့ဖြင့် သူတို့သည် ဘုရားသခင်အားစော်ကားခြင်းကို မသင်နိုင်ကြတဲ့ဖြစ်ပါမည်။

++++++++++++++++++++++++++

### သခင်ဘုရား၏နေ့ (၂၇)

၇၂။ ထိုသို့ဆိုလျှင်၊ အပြင်ဖက်၌ပြုသော ဗတ္တိဇံမင်္ဂလာရေသက်သက်က အပြစ်များကိုဆေးကြောပေးပါသလား?

မဟုတ်ပါ။ သခင်ခရစ်တော်၏ အသွေးတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကသာ ကျွန်ုပ်တို့ကို အပြစ်များအားလုံးမှ သန့်စင်ပေးပါသည်။

(မဿဲ ၃း၁၁၊ ၁ပ ၃း၂၁၊ ၁ယော ၁း၇၊ ၁ကော ၆း၁)

၇၃။ ထိုသို့ဆိုလျှင် အဘယ်ကြောင့် သန့်ရှင်းသောဝိညာဉ်တော်က ဗတ္တိဇံမင်္ဂလာကို "ပြန်လည်မွေးဖွားခြင်း၏ဆေးကြောခြင်း၊" "အပြစ်များကိုဆေးကြောခြင်း"ဟုခေါ်သနည်း?

ဘုရားသခင်က အရေးကြီးလှသောအကြောင်းမရှိဘဲ မပြောပါ။ ဆိုလိုသည်မှာ၊ ခန္ဓာကိုယ်၏ အညစ်အကြေးများ ရေနှင့်ဆေးကြောခြင်းဖြင့် စင်ကြယ်သွားသလို၊ ကျွန်ုပ်တို့၏အပြစ်များကို သခင်ခရစ်တော်၏ ဝိညာဉ်တော်နှင့်အသွေးတော်က ဖယ်ရှားပစ် သည်ဆိုသည်ကိုသာမက၊ အထူးသဖြင့် ကျွန်ုပ်တို့၏ အပြင်ဖက်ခန္ဓာကိုယ် ရေဖြင့်ဆေးကြောခံရသကဲ့သို့ ဤဘုရားနှင့်ဆိုင်သည့် အာမခံ၊ အမှတ်လက္ခဏာဖြင့် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ၌လည်း အပြစ်များမှနေ၍ အမှန်တကယ်သန့်စင်သွားသည်ကို ဘုရားသ ခင်က သေချာစေခြင်းဖြစ်သည်။

(ဗျာ ၁း၅၊ ၁ကော ၆း၁၁၊ မာကု ၁၆း၁၆၊ ဂလာ ၃း၂၇)

၇၄။ ကလေးများကိုလည်း ဗတ္တိဇံပေးရပါမည်လော?

ပေးရပါမည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ပဋိညာဉ်တရားတော်နှင့်အသင်းတော်၌ သူတို့သည် လူကြီးများနှင့်အတူ ပါဝင်သောကြောင့်ဖြစ်သည်။ ထို့အပြင် သခင်ခရစ်တော်၏ အသွေးတော်အားဖြင့်၎င်း၊ ယုံကြည်ခြင်းပြုလုပ်ပေးသူ ဝိညာဉ်တော်အားဖြင့်၎င်း ရရှိသော အပြစ်မှခွင့်လွှတ်ခြင်းအခွင့်ကို လူကြီးများထံသို့ထက် မလျော့စွာ၊ ကလေးငယ်များထံ၌လည်း ပေးထား ၏။ ထို့ကြောင့် ၎င်းတို့ကို ပဋိညာဉ်တရား၏လက္ခဏာအဖြစ် ဗတ္တိဇံပေးရမည်။ အသင်းတော်သို့အပ်နှံရမည်။ မယုံကြည်သူတို့၏ ကလေးငယ်များနှင့် ခြားနားစေရမည်။ ထိုသို့ဖြစ်ရန် ပဋိညာဉ်တရားဟောင်း၌ အရေဖျားလှီးခြင်းဖြင့်ပြုလုပ်ခဲ့၏။ ပဋိညာဉ်တရား သစ်၌မူ ဗတ္တိဇံမင်္ဂလာကို ခန့်ထား၏။

(ကမ္ဘာ ၁၇း၇၊ တမန် ၂း၃၉၊ ၁ကော ၇း၁၄၊ ယောလ ၂း၁၆၊ မဿဲ ၁၉း၁၄၊ လုကာ ၁း၁၄–၁၅၊ ဆာလံ ၂၂း၁၀၊ တမန် ၂း၃၉၊ ၁၀း၄၇၊ ၁ကော ၁၂း၁၃၊ ၇း၁၄၊ ကမ္ဘာ ၁၇း၁၄၊ ကော ၂း၁၁–၁၃)